# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဍာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဍာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၁၄၃)


## လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲ ကျင်းပရန်အတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရန်လို ချင်းတိုင်းရင်းသားများကလည်း ဒေသချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စု ချစ်စိတ်များကို အရင်းခံကာ စည်းလုံးညီညွတ်စွာဖြင့် ဒေသအတွင်း တည်ငြိမ် အေးချမ်းရေးနှင့် ရွေးကောက်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေး

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

ချစ်ကြည်လေးစားအပ်ပါသော ချင်းတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် **"ချင်းအမျိုးသားနေ့"** နေ့ထူးနေ့မြတ် အခါသမယတွင် ချင်းတိုင်းရင်းသားများ မျိုးနွယ်စုအားလုံးနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၁၉၄၈ ခုနှစ်၊ ဖလမ်းမြို့ လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ

# ယခုဖိုရမ်မှ ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများနှင့်ပတ်သက်ပြီး အားနည်းချက်များ၊ အားသာချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို မြင်တွေ့ကြားသိ ဖလှယ်နိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် အထိမ်းအမှတ် ပြည်တွင်းမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများ ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြည်တွင်း

*စာမျက်နှာ ၄ ကော်လံ ၁* ○

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း လွတ်လပ်စွာ ဆွေးနွေးပြောဆိုကြရန် ကမ်းလှမ်းထားကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိ

◆ *ရှေ့ဖုံးမှ*

ဖေဖော်ဝါရီလ (၁၂)ရက်နေ့ကို **"ချင်းအမျိုးသားနေ့"**အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး ဂုဏ်ယူစွာဖြင့် နှစ်စဉ်အခမ်းအနားများ ကျင်းပခဲ့သည်မှာ ၇၇ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးသည် ရှေးနှစ်ပေါင်းများစွာက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စိတ်တူကိုယ်တူ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြရသောကြောင့် ကမ္ဘာ့အလယ်တွင် သိက္ခာရှိစွာဖြင့် ခန့်ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရချိန်တွင်လည်း တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဖြစ်စဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ချင်းတိုင်းရင်းသားခေါင်းဆောင်များ ဖြစ်ကြသော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသော တိုင်းရင်းသားပြည်သူတို့နှင့်အတူ ရဲဝံ့စွန့်စားစွာဖြင့် ခုခံတော်လှန်ခဲ့ကြပါသည်။ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလကလည်း ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှျုရ်မှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်တို့သည် ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့စဉ် (၃)ကြိမ်လုံး ပါဝင်ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) သီရိပျံချီ ဦးထပ်လိုင်း၊ လွတ်လပ်ရေးရပြီးကာစ ပြည်တွင်းဆူပူသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီးဟရန်ထီးယို၊ ဒုတိယဗိုလ်မှူးကြီး လျန်ကျင့်ဇမ်း၊ ဗိုလ်ကြီး သူရအောင်ဆန်းသူရိယတိုက်ချွန်း၊ ဗိုလ်မှူးကြီး ဇေယျကျော်ထင်ဗန်ကူး၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများသည် နိုင်ငံတော်အတွက် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါသည်။

ထိုသို့နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့် တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများစွာ သမိုင်းထင်ကျန်ရစ်ခဲ့ကြသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ယူလေးစားဖွယ် ဂုဏ်ဒြပ်များပင်ဖြစ်ပါသည်။

ယနေ့အချိန်တွင် ချင်းပြည်နယ်၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ထောင်ပေါင်းများစွာ ဖြစ်တည်လာခဲ့သည့် သံယောဇဉ်တရားနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်း ပြည်ပ အဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန်အတွက် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒသွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။

ယခုကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ် ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကို အမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကို အဓမ္မနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့ကလည်း ဖြစ်ပေါ်လာသော မတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသော ဒေသများကို အကြမ်းဖက်တိုက်ခိုက် ဖျက်ဆီးခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကြောင့် ချင်းပြည်နယ်အပါအဝင် ဒေသအသီးသီး၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများသာမက ပြည်သူပိုင်အဆောက်အဦများစွာ ပျက်စီးဆုံးရှုံးကာ ဆင်းရဲဒုက္ခ ကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင် ဖြစ်ပါသည်။ ထိခိုက်ဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏ အရင်းအမြစ်နှင့် အခြေခံအဆောက်အဦများပင် ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိနေသည့်အခြေအနေမှာ ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှ ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများမှ အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှု အပြည့်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိ၊ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းမှသာ လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်မည်**

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ်ထားပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံစေရေးဟူသော အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးကောင်းမွန်လာပါက နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျနသော မွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများမှသည် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များအဖြစ် ပိုမိုတိုးမြှင့်ထုတ်လုပ်ကြရန်နှင့် ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်မှ ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မိမိတို့ရည်မှန်းတည်ဆောက်နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပြည်သူတစ်ဦးချင်းစီ၏ လူမှုဘဝတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာ ပြည့်စုံကြရန် လိုအပ်ပါသောကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအပါအဝင် ကဏ္ဍအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ခွင့်ရပြီး ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုနှုန်း တိုးတက်စေရေး၊ အသက်မွေးဝမ်းကျောင်းပညာအပြင် အဆင့်မြင့်ပညာများအထိ ဆုံးခန်းတိုင် သင်ယူပြီးမြောက်စေပြီး ပညာတတ်လူငယ်များ ပေါ်ထွန်းလာစေရန် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ ဗလငါးတန်ပြည့်ဝသော လူငယ်များဖြင့် နိုင်ငံ့အနာဂတ်ကို တိုးတက်အောင်မြင်အောင် ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းမှသာ လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း လွတ်လပ်စွာ ဆွေးနွေးပြောဆိုကြရန် ကမ်းလှမ်းထားကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဲဆန္ဒရှင်ပြည်သူများအားလုံး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ အုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများမှ ကင်းဝေးစေပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ တိကျမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ချင်းတိုင်းရင်းသားများကလည်း ဒေသချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်များကို အရင်းခံကာ စည်းလုံးညီညွတ်စွာဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပန်ကြားလိုပါသည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ ချင်းတိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**“MSME လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်း ရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုပြုလုပ်ရာ၌ အဓိကမရှိမဖြစ် လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်၊ ထို့ကြောင့် ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကို အဓိကထုတ်လုပ်ရန် မူဝါဒပေးထား၊ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုများသည် သေချာသည့် ကုန်ကြမ်းများဖြစ်၊ ထိုမှ ပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် သွားရမည်၊ ပြီးခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းများ ပြပွဲပြုလုပ်သည့်အခါ တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရ၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများ ပိုမိုကောင်းမွန်လာမှုများသည် ရောင်းအား၊ ဝယ်အား များစွာတိုးတက်စေသည်မှာ လက်တွေ့ပင်ဖြစ်”**

❍ *ရွှေဖုံးမှ*

အသားတင်ထုတ်လုပ်မှု (GDP) ဖြင့် တိုင်းတာကြကြောင်း၊ အဆိုပါ GDP ကို တွက်ချက်သည့်အခါတွင်လည်း နိုင်ငံ၏ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍကြီး(၃)ခုကို အခြေခံပြီး တွက်ချက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့် စွမ်းအင်သည်လည်း အရေးကြီးသည့်သွင်းအားစုများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စက်မှုကဏ္ဍနှင့် စီးပွားရေးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အပံ့ဖြစ်စေမည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်စသည့် ကော်မရှင်(၃)ရပ်ကို ဖွဲ့စည်းပေးခဲ့ခြင်းလည်းဖြစ်ကြောင်း။

**နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေ**

လူသားတိုင်း အသက်ရှင်ရပ်တည်မှုအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့သည် အဓိကအရေးကြီးသည့် အရာများဖြစ်ကြောင်း၊ ယင်း(၃)ခုအတွင်းတွင် စားသောက်ရေးသည် အခြေခံကျပြီး နေ့စဉ်ကြုံတွေ့နေရမည့် မရှိမဖြစ်သည့်အရာဖြစ်ကြောင်း၊ အဆိုပါ စားရေးကို အဆင်ပြေစေရန်အတွက် လိုအပ်သည့် စားသောက်ကုန်များသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်းဖြင့် ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာဖူလုံမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြည်တွင်းစားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအနေဖြင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်း ကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေပြီး သွင်းကုန်အစားထိုး ထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များ ဖော်ဆောင်ပေးနိုင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များတွင် ရှင်းလင်းလွယ်ကူစေရေးနှင့် နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းအတွက် အဓိကကျပြီး သေချာသည့် ကုန်ကြမ်းသည် နိုင်ငံတွင်းတွင် အလုံအလောက်ထွက်ရှိကြောင်း၊ မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများထဲတွင်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေတို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်အား ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) အထိမ်းအမှတ် ပြည်တွင်းမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများ ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး သိရှိလိုသည်များ မေးမြန်းစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင် လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်သည် စုစုပေါင်း ၂၃၈၈၇ ခုဖြစ်ပြီး (၄၉ ဒသမ ၆၃) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း။

စက်မှုဇုန်များတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းမှာ လုပ်ငန်းပေါင်း ၂၀၀၄ ခုဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ပြင် ပြည်တွင်းတွင်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖြစ်သည့် MSME မှတ်ပုံတင်စာရင်းတွင် ကြည့်မည်ဆိုပါကလည်း MSME စုစုပေါင်း ၄၉၀၂၅ ခု ရှိသည့်အနက် စားသောက်ကုန်လုပ်ငန်းသည် ၉၉၈၄ ခုဖြင့် အများဆုံးဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ ပုဂ္ဂလိကစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် အရေအတွက်များပြားပြီး အရေးပါသည့် စားသောက်ကုန်လုပ်ငန်းများကို သာမန်သဘောမထားဘဲ အလေးထားကြရန် လိုကြောင်း။

**MSME လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်း ရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုပြုလုပ်ရာ၌ အဓိကမရှိမဖြစ် လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကို အဓိကထုတ်လုပ်ရန် မူဝါဒပေးထားကြောင်း၊ ဒေသအလိုက် ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုများသည် သေချာသည့် ကုန်ကြမ်းများဖြစ်ကြောင်း၊ ထိုမှ ပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် သွားရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းများ ပြပွဲပြုလုပ်သည့်အခါ တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများ ပိုမိုကောင်းမွန်လာမှုများသည် ရောင်းအားဝယ်အား များစွာတိုးတက်စေသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊** ထို့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ပေးနေသည့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့ကျင်းပပြုလုပ်ရခြင်းလည်းဖြစ်ကြောင်း၊ ယခုဖိုရမ်မှ ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများနှင့် ပတ်သက်ပြီး အားနည်းချက်များ၊ အားသာချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို မြင်တွေ့ကြားသိဖလှယ်နိုင်ကြမည်ဟုလည်း ယုံကြည်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြည်တွင်းမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများ ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

လုပ်ငန်းဆောင်တာများကို လုပ်သာကိုင်သာရှိပြီး မြန်ဆန်မှန်ကန်အောင် ဝိုင်းဝန်းကြိုးပမ်းပေးမှသာ အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ယခုထက် မြှင့်တင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကအကြား နီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှု တိုးတက်လာစေမည်ဖြစ်ကြောင်း၊ မြေပြင်တွင် လက်တွေ့လုပ်ကိုင်နေသူများ၏ ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြစေချင်ကြောင်း၊ အဓိက ခံယူထားရမည်မှာ အားလုံးသည် နိုင်ငံ့အကျိုးအတွက် လုပ်ဆောင်နေကြသည်ဆိုသည့်အသိဖြင့် လုပ်ငန်းများ သွက်လက်မြန်ဆန်အောင် အကောင်အထည်ဖော်ပေးကြရန်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ရန် ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များကို အားပေးကူညီမြှင့်တင်ပေးပြီး နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လုပ်ငန်းရှင်များဘက်မှလည်း ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ရှေးရှုပြီး ကုန်ထုတ်လုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့စားသောက်ကုန် ဖွံ့ဖြိုးတိုးတက်မှု Video Clip အား ပြသသည်။ ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးအောင်ရွှေတို့က မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်အားပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် အထိမ်းအမှတ်ပြည်တွင်းမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများ ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅)ကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖိုရမ်ကျင်းပချိန်အတွင်း မြန်မာ့စားသောက်ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံပိုင်သယံဇာတများကို မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ထို့အပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူကာ မတော်လောဘ စီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများကိုထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ခြင်းများကို လုပ်ဆောင်နေကြသည်။ ထိုသို့သော မတော်လောဘဖြင့် ဥပဒေမဲ့နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ခိုးထုတ်ကြရာတွင် ဥပဒေကို မသိနားမလည်သည့်အပြင် ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများကို ငွေကြေးဖြင့် ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင်စေလျက်ရှိကြောင်းကိုလည်း တွေ့ရသည်။ ယင်းသို့ လုပ်ကိုင်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကို အားပေးမှုမြောက်ကြောင်း ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ပြည်သူများ သတိပြုကြရန်လိုအပ်သည်။

နိုင်ငံတော်အနေဖြင့် မတော်လောဘဖြင့် နိုင်ငံ၏ သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို ထောက်ပံ့နေမှုများအား စိစစ်ဖော်ထုတ်၍ လိုအပ်သလို တိုက်ဖျက်ဆောင်ရွက်သွားမည် ဖြစ်သည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို အားပေးထောက်ပံ့မှုပြုနေသည့် ယင်းကဲ့သို့ ဥပဒေမဲ့သယံဇာတခိုးထုတ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမှ အထူးသတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်၌ စဉ်ဆက်ပညာရေးလုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မြို့နယ်၂၆ မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ စဉ်ဆက်ပညာရေးလုပ်ငန်း ဗဟိုကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ စဉ်ဆက်ပညာရေးလုပ်ငန်း တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ စေတနာလုပ်အားပေးနည်းပြများနှင့် ကြီးကြပ်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်၌ လူငယ်နှင့်သက်ကြီးပိုင်းအရွယ် စာမတတ်သူများကို ဦးတည်အုပ်စုအဖြစ် သင်ကြားပေးသည့်အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖြင့် သင်ကြားပေးခဲ့သူ ပေါင်း ၇၈၃၉၇ ဦးရှိပါကြောင်း၊ စာတတ်မြောက်ရေးသင်ကြားပြီးခဲ့သူများ၊ ငယ်စဉ်က မူလတန်းပညာသာ သင်ကြားခဲ့ရသူများနှင့် မူလတန်းပညာကို တစ်ပိုင်းတစ်စ သင်ကြားခဲ့ရသူများအတွက် ဧရာဝတီတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၅ ခု၊ ဧရိယာ ၆ ခုတွင် သင်ကြားနေဆဲ လျာထားစာသင်သားပေါင်း ၃၈၇၅၇ ဦးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစ၍ စဉ်ဆက်ပညာရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်များရှိ စာသင်ဝိုင်းများတွင် ၁ ရက် ပျမ်းမျှ ၃ နာရီနှုန်းဖြင့် သင်ကြားပေးသွားနိုင်ရေးကို မြို့နယ်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များက ထိထိရောက်ရောက် ပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း စဉ်ဆက်ပညာရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် မြို့နယ် ၂၆ မြို့နယ်တွင် အစီအစဉ် ၃ ရပ် သင်ကြားအသိပညာပေးနိုင်ရေး ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြမည့် ကြီးကြပ်၊ နည်းပြများနှင့် စာသင်သားများအတွက် စာသင်သားသုံးထောက်ပံ့ပစ္စည်းနှင့် စာသင်ဝိုင်းသုံး ထောက်ပံ့ပစ္စည်းများပေးအပ်ရာ စာသင်သားကိုယ်စားလှယ်များနှင့် နည်းပြကြီးကြပ်များက လက်ခံရယူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးမြှင့်ငွေများပေးအပ်ရာ တိုင်းပညာရေးမှူးနှင့် ဆရာ ဆရာမများက လက်ခံရယူကြပြီး(ဝဲပုံ) စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဧရာဝတီ တိုင်းဒေသကြီးရှိ မြို့နယ် ၂၆ မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းတွင် စေတနာလုပ်အားပေးနည်းပြ ၃၁ဝ၉ ဦးနှင့် ကြီးကြပ်ပေါင်း ၄ဝ၃ ဦးတို့က လျာထား စာသင်သားပေါင်း ၂၅ဝ၁၆ ဦး၊ စာသင်ဝိုင်းပေါင်း ၁၇၇၁ ဝိုင်းကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်လုပ်ငန်းများ ရရှိလာအောင်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေး ကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ သတ်မှတ်ပေးထားသော ဒေသဈေးနှုန်းနှင့် ကိုက်ညီမှု ရှိ/မရှိနှင့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ/မရှိတို့ကို စနစ်တကျစစ်ဆေးရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာနများမှ အင်ဂျင်နီယာများအား ခန့်မှန်းခြေစာရင်းများစိစစ်ရာတွင် သိရှိလိုက်နာရမည့် စံနှုန်းသတ်မှတ်ချက်များ တစ်ပြေးညီ ဖြစ်စေရေးအတွက် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့ဖြင့် ကြီးကြပ်စစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် လုပ်ငန်းများ ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဘဏ္ဍာငွေရသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတင်ပြရာတွင် လိုက်နာဆောင်ရွက်ရန်အချက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးရေး လိုက်နာဆောင်ရွက်ရမည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ အတွင်းရေးမှူးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသော ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် သံတမန်ထူထောင်ခြင်း (၇၅)နှစ်မြောက်အထိမ်းအမှတ် တရုတ်အစားအစာချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာ-တရုတ် သံတမန်ထူထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (မန္တလေး) နှင့် ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းတို့ ပူးပေါင်း၍ Yunnan Economics Trade and Foreign Affairs College ၏ အကူအညီဖြင့် တရုတ်အစားအစာချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးခွန်နေထွန်းဦး၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Yunnan Economics Trade and Foreign Affairs College မှ ဒုတိယကျောင်းအုပ်ကြီးနှင့် ပါမောက္ခ၊ ဆရာ ဆရာမများ၊ သင်တန်းပို့ချပေးမည့် တရုတ်နိုင်ငံမှ သင်တန်းနည်းပြဆရာများ၊ နေပြည်တော်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်ခရီးသွားဧည့်သည်များအတွက် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန်နှင့် မြန်မာနိုင်ငံမှ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် တရုတ်အစားအစာချက်ပြုတ်ပြင်ဆင်ရောင်းချလိုသူများအတွက် အကျိုးရှိစေရန် ရည်ရွယ်၍ ယနေ့သင်တန်းကို ဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသများရှိ မြို့ကြီးအများစုတွင် တရုတ်စားသောက်ဆိုင်များ ဖွင့်လှစ်နိုင်ခြင်းဖြင့် တရုတ်ခရီးသည်များကို ဆွဲဆောင်နိုင်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အစားအစာချက်ပြုတ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ကျွမ်းကျင်ပြီး အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန်အတွက် ယခုကဲ့သို့ သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၏ ဝန်ဆောင်မှုအရည်အသွေးများ မြင့်မားလာရန် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး Yunnan Economics Trade and Foreign Affairs College မှ ဒုတိယကျောင်းအုပ်ကြီး၊ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း ကျောင်းအုပ်ကြီးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအား စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ သင်တန်းကို ရက်သတ္တ တစ်ပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် - ၃ ၌ ကျင်းပသည်။

ဦးစွာအမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်အပေါ် မြန်မာနိုင်ငံက လိုက်ပါအကောင်အထည်ဖော် ပြီးမြောက်မှုအနေဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ၆၄ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် အလယ်အလတ်အဆင့်တွင် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ရန် မူလက သတ်မှတ်ထားသည့်ရက်စွဲများထက် စော၍ပြီးစီးကြောင်း အသိပေးအကြောင်းကြားထားသော အဖွဲ့ဝင် ၁၇ နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်သည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းစဉ်များကို သတ်မှတ်အချိန်ဇယားနှင့်အညီ ပြီးမြောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီပူးတွဲဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ဆိုသည့်ကဏ္ဍမှာ အလွန်ကျယ်ပြန့်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေးသဘောတူညီချက်ပါ အချက်များသာမက ကုန်သွယ်မှုလမ်းကြောင်းများ၊ အခြေခံအဆောက်အအုံလိုအပ်ချက်များပါ အကျုံးဝင်နေသည့်အတွက် လုပ်ငန်းအဖွဲ့ဝင်ဌာနများအနေဖြင့် ယင်းသဘောတူညီချက်ပါ အစီအမံများသာမက မိမိတို့ဌာနအလိုက် လွယ်ကူချောမွေ့စေရေး ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များရှိပါကလည်း ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များရှိပါကလည်း ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးစေလိုပါကြောင်း ထည့်သွင်းပြောကြားသည်။

အစည်းအဝေး၌ အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူးက ယခင်ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အစီရင်ခံတင်ပြခြင်း၊ ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့အသီးသီးမှ လုပ်ငန်းအဖွဲ့အလိုက် တာဝန်ယူဆောင်ရွက်သည့်အစီအမံများအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်း တင်ပြဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက်အရ ဖွဲ့စည်းထားသော အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့များ၏ တိုးတက်ဖြစ်ပေါ်မှုအခြေအနေများ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား စိစစ်သုံးသပ်နိုင်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပြီး ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အကောင်အထည်ဖော်ရန် ကျန်ရှိနေသည့်အစီအမံများအား သတ်မှတ်ချိန်အတွင်း ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အတူတကွ ဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းအဖွဲ့များက လုပ်ငန်းစဉ်တစ်လျှောက် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားကြရန် ကော်မတီဥက္ကဋ္ဌများက တိုက်တွန်းပြောကြားခဲ့ကြသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များနှင့် ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ခံအရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကသာမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**ကသာ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်



စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လူဦးရေ ၃၅၃ ဦးအတွက် ငွေကျပ် ၇၀၆၀၀၀၀ ထောက်ပံ့ပေးအပ်ကြောင်း၊ ကသာမြို့တွင် ယာယီနေရပ်စွန့်ခွာပြည်သူ စုစုပေါင်း ၃၁၀၀ ကျော်ရှိပြီး ယနေ့တွင် ၃၅၃ ဦးအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်သည်။ ကျန်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး အမှတ် ၆ ရပ်ကွက် အောင်မြေသာရပ်ရှိ Royal Palace Hotel နှင့် ပုဂံမြို့ဟောင်း တောင်ဘီကျေးရွာရှိ ပုဂံသံတဲဟိုတယ်တို့၌ ဖေဖော်ဝါရီ ၁၉ ရက်တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး ဟိုတယ်ဝန်ထမ်းများအား အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြသစဉ်။ ဒီပါလင်း

# ပြည်တွင်းဖြစ် စားသုံးဆီများ စားသုံးကြစို့လား

မျိုးသူ(ကုန်သွယ်မြှင့်)

**မြန်မာနိုင်ငံ၏ ဆီလိုအပ်မှုအခြေအနေ**

လူတစ်ဦး တစ်နေ့ဆီ ၁ ဒသမ ၇ ကျပ်သားနှုန်း စားသုံးသည်ဟု တွက်ပါက လူတစ်ဦးသည် တစ်နှစ်လျှင် ခြောက်ပိဿာစားသုံးပါသည်။ ၂၀၂၄ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ဖြင့်ဆိုပါက တစ်နှစ်လျှင် ဆီတန်ချိန် ငါးသိန်းကျော် လိုအပ်မည်ဖြစ်ပါသည်။

စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်မိုတယ် တည်းခိုခန်းများ၊ တိရစ္ဆာန်အစားအစာတွင် အသုံးပြုမှုများနှင့် အခြားသောအသုံးပြုမှုများအရ တစ်နှစ်လျှင် တန်ချိန် သုံး-လေးသိန်းခန့် လိုအပ်မည်ဟု ခန့်မှန်းပါသည်။ သို့ဖြစ်၍ တစ်နှစ်လျှင် မြန်မာနိုင်ငံ၏ ဆီလိုအပ်ချက်မှာ တန်ချိန် ရှစ်သိန်းမှ ကိုးသိန်းခန့် လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်မတိုင်မီက တစ်နှစ်လျှင် စားသုံးဆီတန်ချိန် ရှစ်သိန်းကျော် တင်သွင်းခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်အထိ ကုန်ကျခဲ့ပါသည်။


**စားအုန်းဆီ**

စားအုန်းဆီသည် ဆီအုန်းပင်များမှထွက်ရှိပြီး ဆီထွက်သီးနှံများတွင် ဆီထုတ်လုပ်နိုင်မှု အများဆုံးဖြစ်ခြင်းကြောင့် စားသုံးဆီများတွင် စားအုန်းဆီသည် နေရာရရှိလာသည်ကို တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံသို့ စားအုန်းဆီကို ၁၉၇၆ ခုနှစ်ခန့်မှ စတင်တင်သွင်းခဲ့သည်ဟု သိရသော်လည်း အများအပြားတင်သွင်းလာသည်မှာ ၁၉၉၀ ပြည့်နှစ်တွင်မှ ဖြစ်ပါသည်။ ထိုစဉ်က စားအုန်းဆီသည် ဈေးနှုန်းသက်သာခြင်းကြောင့် ဝင်ငွေနည်းသော လုပ်သားပြည်သူများအတွက် ဈေးသက်သက်သာသာဖြင့် စားသုံးနိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။

**စားသုံးဆီတစ်မျိုးချင်း၏ အားသာချက်၊ အားနည်းချက်များ**

စားသုံးဆီတစ်မျိုးချင်းအနေဖြင့် အားသာချက်၊ အားနည်းချက်များရှိကြပါသည်။ ထိုအထဲတွင် စားသုံးဆီများအကြောင်း သိထားသင့်သည်မှာ စားသုံးဆီတိုင်းတွင် ပြည့်ဝဆီ (Saturated fatty acid)၊ မိုနိုမပြည့်ဝဆီ (Monounsaturated fatty acid)နှင့် ပိုလီမပြည့်ဝဆီ (Polyunsaturated fatty acid) ဟူသော အမျိုးအစားသုံးမျိုးသာ ပါဝင်ကြပါသည်။

ပြည့်ဝဆီ (Saturated fatty acid) ပါဝင်မှုများသော ဆီသည် ကျန်းမာရေးကို များစွာထိခိုက်စေနိုင်ပါသည်။ မိုနိုမပြည့်ဝဆီ (Mono-unsaturated fatty acid) နှင့် ပိုလီမပြည့်ဝဆီ (Polyun-saturated fatty acid) များသည် ကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။ မပြည့်ဝဆီထဲတွင် ပါဝင်သော အိုမီဂါ- ၃ သည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သည်ဟု ဆိုပါသည်။ ထိုအထဲတွင် ပြည့်ဝဆီ (Saturated fatty acid) ပါဝင်မှုများသော ဆီများမှာ ဝက်ဆီ၊ အမဲဆီနှင့် စားအုန်းဆီတို့ဖြစ်ကြပြီး အဆိုပါဆီများကို စားသုံးပါက လူ့ခန္ဓာကိုယ်၏ သွေးကြောများကို ကျဉ်းစေကာ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါနှင့် လေဖြတ်ရောဂါတို့ကို ဖြစ်ပေါ်စေသည်ဟု ဆိုပါသည်။

ပြည်တွင်းထွက် နေကြာဆီနှင့် ပဲဆီ။

ထိုအချက်အပြင် အရေးကြီးသောအချက်တစ်ခုမှာ စားသုံးဆီများ၏ အရည်အသွေးတစ်ခုအဖြစ် သတ်မှတ်ထားသော အိုင်အိုဒင်းတန်ဖိုး (Iodine Value - IV) ပါဝင်မှုရာခိုင်နှုန်းဖြစ်ပါသည်။ အိုင်အိုဒင်းတန်ဖိုးသည် ပြည့်ဝဆီ၊ မပြည့်ဝဆီတို့နှင့် သက်ဆိုင်နေ၍ ပြည့်ဝဆီများလေလေ အိုင်အိုဒင်းတန်ဖိုးနည်းလေလေဖြစ်ပြီး ပြည့်ဝဆီနည်း၍ မပြည့်ဝဆီများလေလေအိုင်အိုဒင်းတန်ဖိုးများလေလေ ဖြစ်ပါသည်။ ထို့ကြောင့် စားသုံးဆီများကို စားသုံးရန်အတွက် ရွေးချယ်မည်ဆိုပါက အိုင်အိုဒင်းတန်ဖိုးများသော ဆီများကိုသာ ရွေးချယ်စားသုံးသင့်ပါသည်ဟု အကြံပြုလိုပါသည်။

ပြည်တွင်း၌ အများဆုံးထုတ်လုပ်သည့် စားသုံးဆီများဖြစ်သော မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီတို့သည် အားသာချက်များစွာရှိသည်ကို အများသိရှိပြီးဖြစ်ပါသည်။ ထိုဆီများနှင့် နိုင်ငံခြားငွေများသုံးစွဲပြီး တင်သွင်းနေရသော စားအုန်းဆီတို့ကို နှိုင်းယှဉ်၍ တင်ပြလိုပါသည်။

မြေပဲဆီကို ပထမဦးစွာ ကြည့်မည်ဆိုပါလျှင် မြေပဲဆီတွင်ပါဝင်သော အာဟာရဓာတ် မိုနိုမပြည့်ဝဆီ ၄၆ ဂရမ်၊ ပိုလီမပြည့်ဝဆီ ၃၂ ဂရမ်ပါဝင်ပြီး ကျန်းမာရေးအတွက် မကောင်းသောပြည့်ဝဆီမှာ ၁၇ ဂရမ်ခန့်သာ ပါဝင်သည်ဟု သိရပါသည်။ မြေပဲ၏ အားသာချက်တစ်ခုမှာ အချို့သောဆီများကဲ့သို့ အရောင်အနံ့ချွတ်ရန် မလိုအပ်ဘဲ သဘာဝအတိုင်း ကြိတ်ခွဲထုတ်လုပ်နိုင်သဖြင့် သဘာဝအရောင် အရသာများအတိုင်း ရရှိစေပါသည်။

မြေပဲဆီတွင် ကိုလက်စထရော မပါဝင်သကဲ့သို့ ကျန်းမာရေးအတွက် လိုအပ်သော ဗီတာမင်အီးနှင့် သွပ်ဓာတ်များ ပါဝင်ကြပါသည်။ မြေပဲတွင် အဓိက သတိပြုရမည်မှာ မခြောက်သွေ့လျှင် အာဖလာတောက်ဆင်မှိုဆိပ် ပါဝင်လာမည်ဖြစ်ပါသည်။ အိုင်အိုဒင်းတန်ဖိုးမှာ ၈၅ မှ ၁၁၀ ဂရမ် /၁၀၀ ဂရမ်အထိ ပါဝင်ပါသည်။

ထို့ကြောင့် ရောနှောဆီအဖြစ် အခြားအိုင်အိုဒင်းတန်ဖိုးနိမ့်သောဆီ (ဥပမာ- စားအုန်းဆီ အိုင်အိုဒင်းတန်ဖိုး ၅၈) ဖြင့် ရောနှောပါက ရောနှောဆီသည် စားအုန်းဆီသက်သက်ထက် အရည်အသွေးတက်လာမည်ဖြစ်ပါသည်။ မြေပဲဆီကို မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံးဆီအဖြစ် သတ်မှတ်ရမည်ဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှုတွင်လည်း အများဆုံးစိုက်ပျိုးထုတ်လုပ်ခြင်း၊ စိတ်ချရသော နာမည်ကြီး ဆီစက်ကြီးများကလည်း မြေပဲဆီများ ကြိတ်ခွဲဖြန့်ဖြူးနေခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွက်ဆိုပါက မြေပဲဆီကို စားသုံးရန် အသင့်ဆုံးအခြေအနေဖြစ်သည်ဟု ဆိုနိုင်ပါသည်။ စားသုံးဆီဖူလုံပါက မြေပဲဆီကိုသာ လူထုက ရွေးချယ်စားသုံးကြမည်မှာ သေချာလျက်ရှိပါသည်။

ပုံမှန်နေကြာဆီ ၁၀၀ ဂရမ်တွင် ပိုလီမပြည့်ဝဆီ (အိုမီဂါ-၃နှင့် အိုမီဂါ-၆) ၆၅ ဒသမ ၇ ဂရမ်၊ မိုနိုမပြည့်ဝဆီ (အိုမီဂါ-၉၊ အိုးလီရစ်အက်စစ်) ၁၉ ဒသမ ၅ ဂရမ်၊ ပြည့်ဝဆီ ၁၀ ဒသမ ၃ ဂရမ်တို့ ပါဝင်ပါသည်။ နေကြာဆီ၏ ရူပဓာတုဂုဏ်သတ္တိများတွင် အိုင်အိုဒင်းတန်ဖိုး ၇၈ မှ ၁၂၂ ဂရမ် /၁၀၀ ဂရမ်အထိ ပါဝင်နေသည်ကို တွေ့ရကြောင်း သိရသဖြင့် နေကြာဆီသည် မြေပဲဆီထက်ပင် ကျန်းမာရေးနှင့်ညီညွတ်သည်ဟု ဆိုနိုင်ပါသည်။

နေကြာဆီ၏ အားသာချက်တစ်ခုမှာ အာဖလာတောက်ဆင်မှိုဆိပ် လုံးဝကင်းစင်ခြင်းဖြစ်သည်ဟု သိရပါသည်။ မှိုဆိပ်ကင်းစင်သည့်အပြင် ဗီတာမင်ကေနှင့် ဗီတာမင်အီး ကြွယ်ဝခြင်း၊ ကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် အိုမီဂါ-၃ နှင့် အိုမီဂါ-၉ တို့ များစွာပါဝင်ပါသည်။ နေကြာဆီကို ဆီပါးသည်ဟု ယူဆကြသော်လည်း အမှန်မှာ နေကြာဆီသည် အနံ့၊ အရသာ ကောင်းမွန်သဖြင့် ချက်ပြုတ်ခြင်းအပြင် ကြော်လှော်သည့်နေရာတွင်လည်း သုံးစွဲနိုင်ပါသည်။

နှမ်းဆီ ၁၀၀ ဂရမ်တွင် ပါဝင်သော အာဟာရဓာတ်များတွင် မိုနိုမပြည့်ဝဆီ (အိုးလီရစ်အက်စစ်) ၄၂ ဂရမ်၊ ပိုလီမပြည့်ဝဆီ (လီနိုလီရစ်အက်စစ်) ၄၃ ဂရမ်၊ ပြည့်ဝဆီ ၁၅ ဂရမ်နှင့် ဗီတာမင်ကေနှင့် အီးတို့ ပါဝင်ကြပါသည်။ ကိုလက်စထရောလည်း မပါဝင်ပါ။ အိုင်အိုဒင်းတန်ဖိုးမှာလည်း ၁၀၄ မှ ၁၂၀ ဂရမ် /၁၀၀ ဂရမ် အထိပါဝင်ကြပါသည်။ နှမ်းဆီကို မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးသကဲ့သို့ မက်မက်မောမော စားသုံးကြပါသည်။

ရိုးရာတိုင်းရင်းဆေးအဖြစ် သုံးစွဲလေ့ရှိပြီး အိန္ဒိယတွင်လည်း လိမ်းဆေးအဖြစ် သုံးစွဲလေ့ရှိပါသည်။ နှမ်းဆီကိုကြော်ရာတွင် အမြှုပ်ထွက်များသည်ဟုဆိုကာ အိမ်ရှင်မများက ကြိုက်နှစ်သက်မှုနည်းတတ်သော်လည်း အမှန်အားဖြင့် နှမ်းဆီ၏ ဆီခိုးမှတ်မှာ ၃၅၀ မှ ၄၅၀ ဒီဂရီဖာရင်ဟိုက်အထိ ရှိသဖြင့် ကောင်းစွာကြော်လှော်နိုင်ပါသည်။ ယခုအခါ ဆီစက်များ၏ အရည်အသွေးတိုးတက်လာသဖြင့် နှမ်းဆီကောင်းများ ပိုမိုရရှိလာပြီး နှမ်းဆီကို ကောင်းစွာသုံးစွဲနိုင်ပြီဖြစ်ပါသည်။ နှမ်းလှော်ဆီမွှေးသည် များစွာတန်ဖိုးရှိသဖြင့် ပြည်တွင်းဖူလုံမှုအတွက်အပြင် ပြည်ပတင်ပို့ရေးအတွက်လည်း နှမ်းဆီကို ကြိတ်ခွဲထုတ်လုပ်သင့်ပါသည်။

စားရန်သင့်တော်သော ဆီတစ်မျိုးမှာ ပဲပုပ်ဆီ (Soybean Oil) ဖြစ်ပါသည်။ အဆိုပါဆီကို ဆီစက်သမားများက ပဲပိစပ်ဆီဟုလည်း အမည်ပေးတတ်ပါသည်။ "ပုပ်" ဆိုသော စကားလုံးနှင့် အသံထွက်ကို မသုံးလိုသဖြင့် ပြောင်းလဲသုံးစွဲခြင်းဖြစ်နိုင်ပါသည်။ မည်သို့ပင်ခေါ်တွင်စေကာမူ အဆိုပါ Soybean oil ၁၀၀ ဂရမ်တွင် ပိုလီမပြည့်ဝဆီ [လီနိုလီရစ်အက်စစ် (အိုမီဂါ-၆) ၅၀ ဂရမ်နှင့် (အိုမီဂါ- ၃) ၁၀ ဂရမ်] ၆၀ ဂရမ်၊ မိုနိုမပြည့်ဝဆီ (အိုလီရစ်အက်စစ် အိုမီဂါ- ၉) ၂၅ ဂရမ်၊ ပြည့်ဝဆီ ၁၅ ဂရမ်၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေ အနည်းငယ်ပါဝင်ပါသည်။ အိုင်အိုဒင်းတန်ဖိုးမှာ အလွန်မြင့်မားပြီး ၁၂၀-၁၃၆ ဂရမ်/ ၁၀၀ ဂရမ်အထိရှိသည်ဟု သိရှိရပါသည်။ ပဲပုပ်ဆီသည် ကျန်းမာရေးအတွက်လည်း ကောင်းမွန်ကြောင်း သိရပါသည်။

အထက်ပါ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီနှင့် ပဲပုပ်ဆီတို့အပြင် ပန်းနှမ်းဆီ၊ ဖွဲနုဆီနှင့် ပြောင်းဆီတို့မှာလည်း မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်ကြပြီး စားသုံးရန်သင့်တော်သည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ အရွယ်တင်နုပျိုခြင်းစသောအချက်များကိုလည်း ဤဆီများထဲတွင် တွေ့နိုင်ပါသည်။ ပြည်တွင်း၌ အနည်းငယ်သာ ထုတ်လုပ်နိုင်ပြီး ဈေးသက်သာသဖြင့် ပြည်ပမှ တင်သွင်းနေရသည့် စားအုန်းဆီနှင့်ပတ်သက်၍ သိထားသင့်သည်များကို တင်ပြလိုပါသည်။

စားအုန်းဆီသည် အုန်းဆီပြီးလျှင် ပြည့်ဝဆီ ပါဝင်မှုအများဆုံးဆီ ဖြစ်ပါသည်။ အုန်းဆီထက်နိမ့်သည်ဆိုသော်လည်း အုန်းဆီတွင်ပါဝင်သော ပြည့်ဝဆီမှာ ကျန်းမာရေးအတွက် သင့်တော်ပြီး စားအုန်းဆီတွင် ပါဝင်သော ပြည့်ဝဆီမှာမူ မကောင်းကျိုးဘက်သို့ ပိုမိုရောက်သည်ဟုဆိုနိုင်ကြောင်း သိရပါသည်။ စားအုန်းဆီ ၁၀၀ ဂရမ်တွင် ပြည့်ဝဆီ ၅၄ ဒသမ ၃ ဂရမ်နှင့် မိုနိုမပြည့်ဝဆီ ၃၆ ဒသမ ၆ ဂရမ်နှင့် ပိုလီမပြည့်ဝဆီ ကိုးဂရမ်ခန့်သာ ပါဝင်ပါသည်။

အခြားသော ဗီတာမင်ဓာတ်များလည်း ပါဝင်မှုမရှိဟု သိရပါသည်။ အိုင်အိုဒင်းတန်ဖိုးမှာ ပုံမှန်အားဖြင့် ၅၀ မှ ၅၅ ဂရမ်ခန့်သာ ပါဝင်တတ်ပါသည်။ ယခုတင်သွင်းသော စားအုန်းဆီမှာ စားသုံးသူများအတွက် သင့်တင့်သောအရည်အသွေးရစေရန် အိုင်အိုဒင်းတန်ဖိုး ၅၈ ဂရမ်ကို တင်သွင်းထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် သာမန်စားအုန်းဆီထက် ဈေးအနည်းငယ်မြင့်နေခြင်းဖြစ်ပါသည်။ နယ်စပ်မှဝင်သော ပုစွန်နှစ်ကောင်အစရှိသော စားအုန်းဆီများမှာ အရည်အသွေးစစ်ဆေးထားခြင်းမရှိကြပါ။ "စားအုန်းဆီနှင့် ကျန်းမာရေးအန္တရာယ်"ဟု ဒေါက်တာခင်မောင်လွင် (Fame) က သူ၏ဆောင်းပါးပေါင်းချုပ်စာအုပ်တွင် ဖော်ပြထားပါသည်။

*စာမျက်နှာ ၉ သို့*

❑ **ပြည်တွင်းဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာဆီများကို ပိုမိုအားပေးသင့်ပါသည်။ ကျန်းမာရေးထိခိုက်ပါက ကြီးမားသော ဆေးကုသစရိတ်ကိုပါ ထပ်မံကုန်ကျမည်ကို အထူးသတိချပ်သင့်ပါသည်။ ထို့ကြောင့် စားသုံးသူများအနေဖြင့် ပြည်ပမှ တင်သွင်းနေသော စားအုန်းဆီအစား ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ပိုမိုအားပေးဝယ်ယူစားသုံးသင့်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် လုပ်ငန်းခွင်အသုံးချကွန်ပျူတာအခြေခံသင်တန်း၊ အုတ်စီနှင့် ပန်းရန်သင်တန်းဖွင့်ပွဲ တက်ရောက်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၉**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး ရေးကော်မတီက ကြီးမှူးကျင်းပသည့် လုပ်ငန်းခွင် အသုံးချ ကွန်ပျူတာအခြေခံသင်တန်းများ၊ အုတ်စီနှင့် ပန်းရန်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က မော်လမြိုင်မြို့ စမ်းကြီးရပ် လူငယ် သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ကလေးအလုပ် သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ နာယကပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်းက သက်မွေးသင်တန်းများ တက်ရောက်ပြီး အလုပ် အကိုင် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ရာ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များ ရရှိ လာနိုင်မည်ဖြစ်၍ လုပ်ငန်းခွင်အသုံးချ ကွန်ပျူတာ အခြေခံသင်တန်း၊ အုတ်စီနှင့်ပန်းရန်သင်တန်းများ သို့ တက်ရောက်သည့် သင်တန်းသား သင်တန်းသူ များအနေဖြင့် သင်တန်းမှ သင်ယူတတ်မြောက်သည့် ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အသုံးချ နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသော၊ အရည်အချင်း ပြည့်ဝသော ကျွမ်းကျင်လုပ်သားများ ဖြစ်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းဆပ်ကော်မတီ အတွင်းရေး မှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဒေါ်စုစုလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက တက်ရောက်လာသော သင်တန်းသား သင်တန်းသူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်၍ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်ထောက်ကူ



ပစ္စည်းများ ခင်းကျင်းပြထားမှုကို ကြည့်ရှုအားပေး သည်။

အဆိုပါ လုပ်ငန်းခွင်အသုံးချ ကွန်ပျူတာ အခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀၊ အုတ်စီနှင့်ပန်းရန်သင်တန်းကို သင်တန်းသား၂၀ ဖြင့် သင်တန်းကာလ တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# စားသုံးသူကာကွယ်ရေးနှင့် ယှဉ်ပြိုင်မှုဥပဒေများဆိုင်ရာ အသိပညာပေး အခမ်းအနားကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန စားသုံးသူကာကွယ်ရေးနှင့် ယှဉ်ပြိုင်မှု ဥပဒေများဆိုင်ရာ အသိပညာပေး အခမ်းအနား ကို ဖေဖော်ဝါရီ ၁၈ ရက်က ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က မြန်မာနိုင်ငံတွင် ဈေးကွက် စီးပွားရေးစနစ် တိုးတက်ပြောင်းလဲမှုများ ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်း ပိုမိုတိုးတက် များပြားလာပြီး ပုဂ္ဂလိကပိုင်လုပ်ငန်းများ များပြားလာသည့်အတွက် ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုများပြားလာကြောင်း၊ မျှတမှုမရှိ သည့် ယှဉ်ပြိုင်မှုနည်းလမ်းများကို ကျင့်သုံး လာကြပြီး တချို့လုပ်ငန်းများ၊ ကုမ္ပဏီများမှ အရည်အသွေးမကောင်းသည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချ ခြင်း၊ မမှန်ကန်သည့် သတင်းအချက်အလက် များ ကြော်ငြာရောင်းချခြင်း၊ ဈေးနှုန်းများ အလွန်အမင်းမြှင့်တင်ရောင်းချခြင်း၊ ထုတ်ကုန် နှင့် ဝန်ဆောင်မှုများအပေါ် တာဝန်ယူမှု တာဝန်ခံမှုမရှိသည့် လုပ်ရပ်များကြောင့် စားသုံးသူကာကွယ်ရေးဥပဒေနှင့် ယှဉ်ပြိုင်မှု ဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ဥပဒေနှင့် အညီ ကျင့်သုံးအကောင်အထည်ဖော် လိုက်နာ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှု ကော်မရှင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိရွှေစင်က စားသုံးသူကာကွယ်ရေးနှင့် ယှဉ်ပြိုင်မှုဥပဒေ ပေါ်ပေါက်လာပုံနှင့် ယှဉ်ပြိုင်မှုဥပဒေရေးဆွဲပြဋ္ဌာန်းခဲ့မှု အခြေ အနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက် လာသည့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အဖွဲ့ဝင်များက မိမိတို့သိရှိလိုသည်များကို မေးမြန်းရာ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် အဖွဲ့ဝင် ဒေါက်တာသုတအောင်က အကောင် အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေ များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရ သည်။

**ပြည်နယ် (ပြန်/ဆက်)**



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ် ဦးစီးမှူးရုံး၌ ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော် မျိုးဝင်းနှင့်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။ သန်းဝင်း(သန်လျင်)



ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ အခြေခံပညာ အထက်တန်းကျောင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးစောမောင်သန်းတို့ ဦးဆောင်၍ မြို့နယ်လျှပ်စစ်မန်နေဂျာ ရုံးမှ ဝန်ထမ်းများ ဖေဖော်ဝါရီ ၁၈ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

ဝေယံ(ပြန်/ဆက်)

*စာမျက်နှာ ၈ မှ*

ဖော်ပြထားသော အချက်များမှာ စားအုန်းဆီ တွင်ပါဝင်သော ပြည့်ဝဆီတွင် ပါဝင်သည့် အက်စစ် မှာ ပါမစ်တစ်အက်စစ်ဖြစ်ပြီး ပြည့်ဝဆီ (၅၄ ဒသမ ၃ ဂရမ်တွင်) ၄၄ ဂရမ်အထိ ပါဝင်နေသည်ကို တွေ့ရပါသည်။ အဆိုပါဆီသည် အစားအသောက် များမှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွင်းရောက်ပါက အသည်းမှတစ်ဆင့် အယ်လ်ဒီအယ်လ် ကိုလက် စထရောများကို ထုတ်လုပ်ပေးရန် ကုန်ကြမ်းများ အဖြစ် သွေးတွင်း၌ အဆိုပါ ကိုလက်စထရောကို မြင့်တက်စေပါသည်။

တစ်ခါတစ်ရံနှင့် နည်းနည်းသာစားပါက ပြဿနာနည်းနိုင်သော်လည်း နေ့စဉ်ချက်ပြုတ် စားသောက်ရာတွင်သုံးပါက သွေးကြောအတွင်း အဆီ များစုလာကာ သွေးကြောများကျဉ်းလာမည်ဖြစ်ပါ သည်။ ထို့ကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြော ကျဉ်းရောဂါများဖြစ်လာကာ နောက်ဆက်တွဲရောဂါ အဖြစ် နှလုံးသွေးကြောပိတ်၍ နှလုံးကြွက်သားများ ထိခိုက်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ခြင်းတို့ဖြစ်နိုင်ကြောင်း သိရပါသည်။

ထို့ကြောင့် စားအုန်းဆီပါဝင်မှုများသော အစား အစာများကို ရှောင်ကြဉ်သင့်ပါသည်။ အထူးသဖြင့် အဝလွန်သူများ၊ သွေးတိုးရောဂါရှိသူများ၊ အသက် ကြီးရင့်သူများ၊ လှုပ်ရှားမှုနည်းသူများ မစားသင့် ကြောင်း သိရပါသည်။ ဆရာက စားအုန်းဆီ စားသုံးမှုကိုလျှော့ပြီး ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ နှင့် နေကြာဆီတို့ကို စားသုံးသင့်ကြောင်း အကြံပြု ထားပါသည်။ မြေပဲဆီဈေးက မြင့်နေလျှင်လည်း စားအုန်းဆီဝယ်မည့်ငွေကြေးအား မြေပဲဆီ စသည့် ပြည်တွင်းထုတ်ဆီကို ရသလောက် ဝယ်ယူပြီး ရေလည်ဆီလည်ချက်စားသင့်ကြောင်း အကြံပေး ထားပါသည်။ မှန်ပါသည်။

ပြည်တွင်းဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာဆီများကို ပိုမိုအားပေးသင့်ပါသည်။ ကျန်းမာရေးထိခိုက်ပါက ကြီးမားသော ဆေးကုသစရိတ်ကိုပါ ထပ်မံကုန်ကျ မည်ကို အထူးသတိချပ်သင့်ပါသည်။ ထို့ကြောင့် စားသုံးသူများအနေဖြင့် ပြည်ပမှ တင်သွင်းနေသော စားအုန်းဆီအစား ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ပိုမိုအားပေး ဝယ်ယူစားသုံးသင့် ပါသည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ပြည်တွင်း ဈေးကွက်၌ ရောင်းချခြင်းဖြင့် သင့်တော်သော ဝင်ငွေရရှိနိုင်ရန်အတွက် ဆီစက်များ များများ လည်ပတ်နိုင်ရန် လိုအပ်ပါသည်။ ပြည်တွင်းတွင် ဆီစက်များ တိုးတက်လည်ပတ်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းလည်း တိုးတက်လာ နိုင်ပါသည်။

နိုင်ငံခြားငွေကိုသုံးစွဲပြီး ပြည်ပမှတင်သွင်း ရကာ ဈေးကြီးပေးဝယ်စားနေရသော စားအုန်းဆီ များအစား ပြည်တွင်း၌ထုတ်လုပ်သော မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ပိုမိုစားသုံးခြင်းဖြင့် ပြည်တွင်းစက်မှုကဏ္ဍကို အားပေးရာလည်း ရောက်ပါသည်။ ထို့အပြင် အထက်တွင်ဖော်ပြသကဲ့ သို့ အလုပ်အကိုင်အခွင့်အလမ်း များပြားလာခြင်း၊ Supply Chain တစ်ခုလုံး လိုက်ပါလည်ပတ်ပြီး တောင်သူ၊ ကုန်သည်၊ ဆီစက်ပိုင်ရှင်နှင့် စားသုံးသူ များအားလုံး အကျိုးကျေးဇူးလည်း တိုးတက်ရရှိ လာနိုင်ပါသည်။

ပြည်တွင်းဖြစ်ကို အားပေးခြင်းသည် မိမိတို့ ပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ရာလည်း ရောက်မည်ဖြစ်သည်ကို မျှော်လင့်ခြင်းများစွာဖြင့် တင်ပြလိုက်ရပါသည်။ ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီများသည် ပြည်တွင်းထုတ်မြေပဲဆီ၊ နှမ်းဆီ များထက် ဈေးနှုန်းချိုသာသဖြင့် စားသုံးခဲ့ရခြင်းဖြစ် ပါသည်။ ပေါပေါရတိုင်း များများသုံးခဲ့ခြင်း၏ အကျိုး ဆက်အနေဖြင့် ကျန်းမာရေးထိခိုက်မှုကို ကြုံကြရ သည်။ ထို့ကြောင့် စားအုန်းဆီဝယ်မည့်ငွေကို ပြည်တွင်းထုတ်မြေပဲဆီ၊ နေကြာဆီနှင့် နှမ်းဆီ စသည်တို့ကို ဝယ်ယူစားသုံးသင့်ပါသည်။

ငွေလည်းချွေတာ၊ ကျန်းမာရေးအတွက်လည်း ကောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများကိုလည်း အားပေးရာရောက်သဖြင့် ပြည်တွင်းဖြစ်ကို အားပေး ကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း ထပ်လောင်း ပြောလိုက်ပါရစေခင်ဗျား။ ။

**ကိုးကား- ဒေါက်တာခင်မောင်လွင် (Fame) ၏ စားသုံးဆီနှင့် ကျန်းမာရေးစာအုပ်**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးညှိနှိုင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တွေ့ဆုံပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး ဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် တင်ကိုကို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Narongchai Jindaphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ - ထိုင်း - တရုတ် သုံးနိုင်ငံ ပူးပေါင်း၍ (Online Scam) နှင့် (Online Gambling) တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံတို့အကြား လွှဲပြောင်းလက်ခံရေးလုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အဆိုပါ နိုင်ငံများအကြား Task Force ဖွဲ့စည်းပြီး Action Planရေးဆွဲ၍ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများ၊ တတိယနိုင်ငံသားများအား ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းနိုင်ရေး ညှိနှိုင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **သတင်းစဉ်**






○ *ကျောဖုံးမှ*

ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၅၃ ဦးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ပြီး အမြန်ဆုံးပြည်နှင့်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများ ရှိလာသည့် နယ်စပ်ဒေသများမှ အွန်လိုင်းလိမ်လည်မှု၊အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းလွှဲပြောင်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အွန်လိုင်းလောင်းကစားနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုအပါအဝင် အခြားဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နှစ် (၈၀) ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ) အဆင့်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အဆင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့်ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# ချောင်းဦး၊ ငါန်းဇွန်နှင့် မတ္တရာမြို့နယ်တို့တွင် လုံခြုံရေးအဖွဲ့ဝင်များက လက်နက်ကြီး၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြည်သူနှစ်ဦးသေဆုံးပြီး သာသနိကအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်နှင့် မတ္တရာမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့်လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြည်သူများ ထိခိုက်သေဆုံးပြီး သာသနိကအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်များမှ လုံခြုံရေး တာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါမြို့နယ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ကျည်ကျရောက် ပေါက်ကွဲမှုကြောင့် ပြည်သူများ သေဆုံးပြီး သာသနိက အဆောက်အအုံများ ပျက်စီးသည်ဆိုသည့် သတင်းမှာ သတင်းအမှားသာ ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါမြို့နယ်များအား ပစ်ခတ်တိုက်ခိုက်မှုတစ်စုံတစ်ရာ မရှိကြောင်း၊ အကြမ်းဖက်သမားများမှ အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ကျေးရွာများကို လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးပြီး သာသနိက အဆောက်အအုံများ၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးရခြင်းများ ရှိခဲ့သည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့် လုပ်ရပ်များကိုဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းခေါင်းစဉ်ပုံများကိုအသုံးပြု၍ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေဘိုမြို့နယ် ပန်းရံကျေးရွာတွင် ရှင်ပြုအလှူတော်မင်္ဂလာကျင်းပနေချိန်၌ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ရက်စက်ယုတ်မာစွာ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အကြမ်းဖက်မှုကို လိုလားသူ လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပန်းရံကျေးရွာ ဘုန်းတော်ကြီး ကျောင်းတွင် ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပနေချိန်၌ ကျေးရွာ၏အရှေ့မြောက်ဘက်မှ Drone ယာဉ်နှစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်မှုကြောင့် ကျောင်းအတွင်းရှိ ဓမ္မာရုံပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသူများအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပြီး ထိုသို့ အသက်ငယ်ရွယ်သော ကလေးသူငယ်များပါမချန် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံး ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာသော လုပ်ရပ်များအား ဒေသခံပြည်သူများအနေဖြင့် လက်မခံနိုင်ဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





PDF အကြမ်းဖက်သမားများက Drone ယာဉ်နှစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူများ မှတ်တမ်းဓာတ်ပုံ။

ရွှေဘိုမြို့နယ် ပန်းရံကျေးရွာဘုန်းတော်ကြီးတွင် ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပနေစဉ် PDF အကြမ်းဖက်သမားများက Drone ယာဉ်နှစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “sunnybro88(ASZW)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြေစကောင်းကျေးရွာနေ ထင်လင်းအောင်အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့် ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance– CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅% တို့ဖြင့် ချေးငွေများ လျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးယုလွင် ဦးဆောင်သောအဖွဲ့ ခရိုင်/မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဖေဖော်ဝါရီ ၁၈ ရက်က မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဇီးချိုင်ကျေးရွာ၌ မဟာမကုဋ္ဌရုံသီ မြတ်မော်တင်ဘုရားပွဲတော်လာ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်ရေး ပုသိမ်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်သူရနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းအောင်တို့ဦးဆောင်၍ မော်တင်စွန်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများကို မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် MDY PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ခားပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် အိမ်အမှတ်(၈၀)နေ ရာအိမ်မှူး ဦးဝင်းဦးသည် နေအိမ်အနီးရှိ "အောင်ကျော်စိုး" ကွမ်းယာဆိုင်ရှေ့၌ ထိုင်နေစဉ် (စိစစ်ဆဲ)ကျား ၂ ဦးမှ ဆိုင်ကယ် ၁ စီးဖြင့် ရောက်ရှိလာပြီး ပစ္စတိုဖြင့် ၂ ချက် ပစ်ခတ်ထွက်ပြေးသွားခဲ့သောကြောင့် ရာအိမ်မှူး ဦးဝင်းဦးသည် လည်ပင်းကျည်ဖောက်ဝင်ဒဏ်ရာဖြင့် သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးမှုများကြောင့် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၁၁၃ လမ်း၊ ၄၈ x ၄၉ လမ်းကြားတွင် တရားခံ **နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး**(၃၈)နှစ်နှင့် **မင်းခန့် (ခ)ဂူးဂူး**(၂၀)နှစ်တို့ ၂ ဦးအား နေအိမ်အတွင်းမှ ၉ မမကျည် ၁ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါနေ့ နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၁၁၃ လမ်း၊ ၄၇ x ၄၈ လမ်းကြားနေ ဆက်စပ်တရားခံဖြစ်သူ **အောင်အောင်(ခ)အောင်လေး**(၃၆)နှစ်အား လက်လုပ်ပစ္စတို ၄ လက်၊ ၉ မမကျည် ၁၇ တောင့်၊ MG1 ပလတ်စတစ် လက်ပစ်ဗုံး ၁၁ လုံး၊ 91 လက်ပစ်ဗုံး ၁ လုံး၊ တရုတ်လက်ပစ်ဗုံး ၁ လုံး တို့နှင့်အတူ ထပ်မံဖမ်းဆီး ရမိခဲ့သည်။

တရားခံ **နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး**၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းတွင် စဉ့်ကိုင်မြို့နယ် ဆယ့်နှစ်ကိုင်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဆက်စပ်တရားခံ **ဇော်ဇော်ထွန်း(ခ)ဇော်သက်(ခ)ဖက်တီး**(၂၈)နှစ် မြနန္ဒာရပ်ကွက် ပလိပ်မြို့နေသူအားလည်းကောင်း၊ တရားခံ **ဇော်ဇော်ထွန်း(ခ)ဇော်သက်(ခ)ဖက်တီး**၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် **ထွန်းထွန်းမြင့်**(၅၀)နှစ် ကျွဲနဖားကျေးရွာ စဉ့်ကိုင်မြို့နယ်နေသူအား လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းတွင် တရားခံ **သူရိန်ထွန်း**(၂၆)နှစ် အကွက်အမှတ်(၅၀၁) ကျွန်းလုံးဥသျှောင်ရပ်ကွက် ချမ်းမြသာစည်မြို့နယ် နေသူအားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့သည့် **တရားခံ ကျား ၆ ဦးတို့အား လက်လုပ်ပစ္စတို သေနတ် ၄ လက်၊ ၉ မမ ကျည် ၁၈ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၃ လုံးတို့နှင့်အတူ** ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် MDY PDF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ **မင်းသန့်ကျော်(ခ)ဝင်းထွန်း(ခ)ဖောင်းဒိုင်း**နှင့် ရင်းနှီးခဲ့ကာ မင်းသန့်ကျော်(ခ)ဝင်းထွန်း(ခ)ဖောင်းဒိုင်း၏ စေခိုင်းမှုဖြင့် မန္တလေးမြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် **လက်လုပ်ပစ္စတိုသေနတ် ၄ လက်၊ ၉ မမ ကျည် ၃၁ တောင့်၊ လက်ပစ်ဗုံး ၁၅ လုံးတို့အား** ယူဆောင်ခဲ့ပြီး **အောင်အောင်(ခ)အောင်လေး**၏နေအိမ်တွင်သိမ်းဆည်းထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ MDY PDF အကြမ်းဖက်အဖွဲ့ဝင် **မင်းသန့်ကျော် (ခ) ဝင်းထွန်း(ခ)ဖောင်းဒိုင်း**၏ စေခိုင်းမှုဖြင့် မန္တလေးမြို့နှင့် စဉ့်ကိုင်မြို့များအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှု ၉ ကြိမ်နှင့် ဖောက်ခွဲဖျက်ဆီးမှု ၂ ကြိမ် ကျူးလွန်ခဲ့ကြောင်း-

(က) ၂၀၂၄ ခုနှစ် ဧပြီ ၂၇ ရက်တွင် စဉ့်ကိုင်မြို့နယ် ဥယျာဉ်ကြီးကျေးရွာအဝင်ရှိ တံတားပေါ်၌ အပြစ်မဲ့ပြည်သူ **ဦးအောင်ဝင်း**အား **နန်းဝင်းစိုး (ခ) နိုင်ဝင်းစိုး**နှင့် **အောင်အောင်(ခ)အောင်လေး**တို့ ၂ ဦးမှ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။


(ခ) ဇွန် ၂၉ ရက်တွင် ချမ်းမြသာစည်မြို့နယ် သံလျှက်မှော်တောင်ရပ်ကွက်ရှိ **ရာအိမ်မှူး ဦးဖိုးကျော်**အား **နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး၊ အောင်အောင်(ခ)အောင်လေး**တို့မှ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး **သူရိန်ထွန်း**မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဂ) ဇူလိုင် ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ "ငွေစန္ဒာ" လက်ဖက်ရည်ဆိုင်၌ **ရာအိမ်မှူး ဦးတင်လင်း**အား **နန်းဝင်းစိုး (ခ) နိုင်ဝင်းစိုး**နှင့် **အောင်အောင်(ခ)အောင်လေး**တို့မှ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ရာတွင် **သူရိန်ထွန်း**မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဃ) ဇူလိုင် ၁၄ ရက်တွင် အမရပူရမြို့နယ် မှန်တန်းရပ်ကွက် စစ်ကိုင်း-မန္တလေး ကားလမ်း ဗားကရာကွေ့၌ အမရပူရမြို့နယ် သာလေစွကျေးရွာ **ရာအိမ်မှူး ဦးကျော်စိန်**အား **နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး**နှင့်

*စာမျက်နှာ ၁၃ သို့*

ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်တွင် တရားခံများအား လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုအခြေအနေ






ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်တွင် တရားခံနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



ရာအိမ်မှူး ဦးဖိုးကျော် (၄၃) နှစ် (သေဆုံး)

၂၉-၆-၂၀၂၄ ရက်တွင် ချမ်းမြသာစည်မြို့နယ် သံလျှက်မှော်တောင်ရပ်ကွက်တွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ရာအိမ်မှူး၏ မှတ်တမ်းဓာတ်ပုံ။



ဦးထွန်းနိုင်ဦး (၅၂) နှစ် (သေဆုံး)

၁၅-၁-၂၀၂၅ ရက်တွင် စဉ့်ကိုင်မြို့နယ် ကျွဲနဖား (တောင်)ကျေးရွာနှင့် မီးသွေးဖုတ်ကျေးရွာချင်း ဆက်လမ်းတွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ၁ ဦး၏ မှတ်တမ်းဓာတ်ပုံ။

# PDF အမည်ခံ အကြမ်းဖက်သမားများက ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။



ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် ပကာရီကျေးရွာ၏ အရှေ့တောင်ဘက်မှ အကြောင်းမဲ့လာရောက်ပစ်ခတ်မှုကြောင့် ကျေးရွာအနီးသို့ ကျရောက်ပေါက်ကွဲခဲ့ရာ အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသမီး နှစ်ဦး ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ မြို့/ရွာ၊ လူနေရပ်ကွက်များအတွင်းသို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ သေဆုံးမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်အား လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ပစ်ခတ်မှုကြောင့် ကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ




---

*စာမျက်နှာ ၁၂ မှ*

**အောင်အောင် (ခ) အောင်လေး**တို့ ၂ ဦးမှ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ဇော်ဇော်ထွန်း(ခ) ဇော်သက် (ခ) ဖက်တီး**မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(င) အောက်တိုဘာ ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၁၂၅ လမ်းနှင့် ၆၂ လမ်းထောင့်၌ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်နေသော **ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ**အား **နန်းဝင်းစိုး (ခ) နိုင်ဝင်းစိုး**နှင့် **အောင်အောင် (ခ)အောင်လေး**တို့ ၂ ဦးမှ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ဇော်ဇော်ထွန်း (ခ)ဇော်သက်(ခ)ဖက်တီး**မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(စ) ဒီဇင်ဘာ ၆ ရက်တွင် အမရပူရမြို့နယ် အောင်မင်္ဂလာရပ် မြစ်ငယ်ရပ်ကွက် **ရာအိမ်မှူး ဦးဇော်သူရထွန်း**အား **နန်းဝင်းစိုး (ခ)နိုင်ဝင်းစိုး**နှင့် **အောင်အောင် (ခ) အောင်လေး**တို့မှ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ)ဖက်တီး**မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဆ) ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြစ်ငယ်မြို့ ရန်ကင်းရပ် စစ်ကိုင်း – မြစ်ငယ်သွားကားလမ်းဘေး ရပ်ကွက်ရုံးအနီး၌ ရန်ကင်းရပ်ကွက် **ရစဖမှူး ဦးစောနေထွန်း**အား ဒလန်ဟုစွပ်စွဲ၍ **နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုး**နှင့် **အောင်အောင်(ခ)အောင်လေး**တို့မှ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(ဇ) ဇန်နဝါရီ ၁၅ ရက်တွင် စဉ့်ကိုင်မြို့ ကျွဲနဖား(တောင်)ကျေးရွာနေ အပြစ်မဲ့ပြည်သူ **ထွန်းနိုင်ဦး**အား ဒလန်ဟုစွပ်စွဲပြီး **ထွန်းထွန်းမြင့်**မှ ငွေ ၅၀,၀၀၀ ကျပ် ပေး၍ လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့သဖြင့် **နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး**နှင့် **အောင်အောင် (ခ)အောင်လေး**တို့မှ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(ဈ) ဇန်နဝါရီ ၂၆ ရက်တွင် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် **ရာအိမ်မှူး ဦးဝင်းဦး**အား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် **နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး**နှင့် **အောင်အောင်(ခ)အောင်လေး**တို့မှ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

ထို့ပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ MDY PDF အကြမ်းဖက်အဖွဲ့ဝင် **မင်းသန့်ကျော် (ခ)ဝင်းထွန်း(ခ)ဖောင်းဒိုင်း**၏ စေခိုင်းမှုဖြင့် မန္တလေးမြို့အတွင်း ဖောက်ခွဲဖျက်ဆီးမှု ၂ ကြိမ် ကျူးလွန်ခဲ့ကြောင်း–

(က) ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၉ ရက်တွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် ၆၂ လမ်း ၃၇(အေ)လမ်းထောင့်ရှိ **Mytel** ရုံးအား **နန်းဝင်းစိုး (ခ) နိုင်ဝင်းစိုး**နှင့် **အောင်အောင်(ခ)အောင်လေး**တို့ ၂ ဦးမှ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲရာတွင် **ဇော်ဇော်ထွန်း (ခ) ဇော်သက်(ခ)ဖက်တီး**မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ခ) ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် အမရပူရမြို့နယ် ဆောက်တောဝကျေးရွာ **ထုံးဘို–ပြင်ဦးလွင်လမ်း စစ်ဆေးရေးဂိတ်**အား **နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး**နှင့် **အောင်အောင် (ခ)အောင်လေး**တို့ ၂ ဦးမှ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲရာတွင် **ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ)ဖက်တီး**မှ အခြေအနေ ကြည့်ရှုပေးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံ **မင်းသန့်ကျော် (ခ)ဝင်းထွန်း(ခ)ဖောင်းဒိုင်း**မှ လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Kpay မှတစ်ဆင့် လုပ်ကြံသတ်ဖြတ်မှုနှင့် အကြမ်းဖက်မှု ၁ကြိမ်လျှင်ငွေကျပ်၁၀သိန်း ထောက်ပံ့ပေးခဲ့ကြောင်း၊ ရရှိသောငွေကြေးများအား **နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး၊ အောင်အောင်(ခ) အောင်လေး**နှင့် **ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ)ဖက်တီး**တို့မှ တစ်ဦးလျှင် ၃ သိန်းကျပ်၊ အခြေအနေကြည့်ရှုပေးသူများအား ၁ သိန်းကျပ်ဖြင့် ပြန်လည်ခွဲဝေပေးကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ခွန်း၏ သွင်းဂိုးဖြင့်နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲကစားချိန်ပြည့်ခါနီးတွင် အယ်ဖွန်ဆိုဒေးဗီးစ်၏ ချေပဂိုးကို ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဆဲလ်တစ်အသင်းသည် အစပိုင်းပွဲချိန်များတွင် ဘိုင်ယန်မြူးနစ်အသင်းကို ခြေရည်တူ တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ပြိုင်ဘက်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကို ခုခံကာကွယ်ခဲ့ရသည်။

အခြားပွဲစဉ်ရလဒ်များတွင် ကလပ်ဘရုဂ်က အတ္တလန်တာကို သုံးဂိုး – တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး အေစီမီလန်နှင့် ဖီယင်နုအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို ဘင်ဖီကာနှင့် မိုနာကိုအသင်းပွဲစဉ်တွင်လည်း တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။

ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဖီယင်နု၊ ကလပ်ဘရုဂ်နှင့် ဘင်ဖီကာအသင်းတို့ နှစ်ကျော့ပေါင်းရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ကြသည်။ **အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ပါလက်စတိုင်းများအား ရွှေ့ပြောင်းနေရာချထားရေးအစီအစဉ် ယူအေအီးသမ္မတလက်မခံ

**အဘူဒါဘီ ဖေဖော်ဝါရီ ၁၉**

ယူအေအီးသမ္မတ ရှိတ်ခ် မိုဟာမက်ဘင်ဇေယက် အယ်နဟ့ယန်သည် ဖေဖော်ဝါရီ ၁၉ ရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် တွေ့ဆုံဆွေးနွေးစဉ်အတွင်း ပါလက်စတိုင်းများအား ၎င်းတို့မြေပေါ်မှ ရွှေ့ပြောင်းစေရန် မည်သည့်ကြိုးပမ်းမှုကိုမျှ လက်မခံဟုပြောကြားခဲ့သည်။

နှစ်ဖက်စလုံးက အရှေ့အလယ်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အထူးသဖြင့် ဂါဇာဒေသ ပဋိပက္ခနှင့် ဒေသတွင်းလုံခြုံရေး ခြိမ်းခြောက်မှုတို့ကို အလေးပေး ဆွေးနွေးခဲ့ကြောင်း အမ်းမရိတ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ယခုထက်ပို၍ လုပ်ဆောင်မှုများထပ်မံပြုလုပ်လျှင် ဒေသတွင်းတည်ငြိမ်ရေးကို အန္တရာယ်ဖြစ်စေကြောင်းနှင့် ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ကြိုးပမ်းအားထုတ်မှု ပိုမိုပြုလုပ်ရန်ယူအေအီးသမ္မတက တိုက်တွန်းခဲ့သည်။

စီးပွားရေး၊ နိုင်ငံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ယူအေအီးနှင့်အမေရိကန်နှစ်နိုင်ငံအကြား ပိုမိုခိုင်မာသည့် ဆက်ဆံရေးရှိစေရန် အခွင့်အလမ်းများကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

ရူဘီယို၏ အဘူဒါဘီခရီးစဉ်သည် နိုင်ငံခြားရေးဝန်ကြီးဖြစ်ပြီးနောက် တတိယအကြိမ်မြောက် အရှေ့အလယ်ပိုင်းခရီးစဉ်လည်းဖြစ်သည်။ ၎င်းသည် ယခင်က အစ္စရေးနှင့်ဆော်ဒီအာရေဗီးယားနိုင်ငံတို့သို့သွားရောက်ခဲ့သည်။

ဆင်ဟွာ



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို (လယ်) နှင့်
ယူအေအီးသမ္မတ ရှိတ်ခ် မိုဟာမက်ဘင်ဇေယက် အယ်နဟ့ယန် (ယာ)

# မော်တော်ကားများအပေါ် အခွန်ကောက်ခံမှု ၂၅ ရာခိုင်နှုန်းဝန်းကျင်ရှိမည်ဟု ထရမ့်ပြော

**တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် ဆေးဝါးများအပေါ်လည်း ၂၅ ရာခိုင်နှုန်းမှစတင်ကာ အခွန်ကောက်ခံသွားမည်**

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

ဧပြီလအစောပိုင်းမှ စတင်ကာ တင်သွင်းလာမည့် မော်တော်ကားများအပေါ် ကောက်ခံမည့်အခွန်အခမှာ ၂၅ ရာခိုင်နှုန်းဝန်းကျင်ရှိမည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

ကောက်ခံမည့် နှုန်းထားနှင့် ကောက်ခံမည့်နိုင်ငံကို အသေးစိတ် ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း လာမည့် ဧပြီ ၂ ရက်တွင် မော်တော်ကား အခွန်အခများ စတင်ကောက်ခံသွားမည်ဖြစ်ကြောင်း ထရမ့်က ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းထောက်များကို ပြောကြားထားသည်။

နိုင်ငံအားလုံးကို အခွန်ကောက်ခံမည်ဆိုပါက အမေရိကန်နိုင်ငံသို့ အဓိကမော်တော်ကားတင်ပို့သူဖြစ်သော ဂျပန်နိုင်ငံအတွက် ထိုးနှက်ချက် ဖြစ်လာဖွယ်ရှိနေသည်။




ဂျပန်မော်တော်ကား ထုတ်လုပ်သူများအသင်းက ပြီးခဲ့သည့်နှစ်တွင် အမေရိကန်သို့ ခရီးသည်တင်ကား တင်ပို့မှု စုစုပေါင်း ၁ ဒသမ ၃၃ သန်းရှိကြောင်း ပြောသည်။

ယင်းမှာ ဂျပန်နိုင်ငံက ကမ္ဘာလုံးဆိုင်ရာ ခရီးသည်တင်ကားတင်ပို့မှု၏ သုံးပုံတစ်ပုံကျော်ရှိကြောင်း သိရသည်။

တစ်ပိုင်း လျှပ်ကူးပစ္စည်းများနှင့် ဆေးဝါးများအပေါ် ၂၅ ရာခိုင်နှုန်းမှစတင်ကာ အခွန်ကောက်ခံသွားမည် ဖြစ်ကြောင်းလည်း ထရမ့်က ပြောကြားထားသည်။ **အင်န်အိတ်ချ်ကေ**

# ဂါဇာဒေသခံအများစု ရွက်ဖျင်တဲများ၌ နေထိုင်ကြရဆဲဖြစ်

**ဂါဇာ ဖေဖော်ဝါရီ ၁၉**

အစ္စရေးနှင့်ဟားမားစ်တို့ကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုရရှိပြီး သီတင်းပတ်များစွာကြာသည့်တိုင် ဂါဇာကမ်းမြောင်ဒေသခံအများအပြားသည် ရွက်ဖျင်တဲ သို့မဟုတ် ယာယီအိမ်ရာများ၌ ဆက်လက်နေထိုင်ကြရဆဲဖြစ်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုများ မြင့်တက်လာသည်နှင့်အမျှ ဆိုးရွားသော စားရေရိက္ခာပြတ်လပ်မှုမှာ တဖြည်းဖြည်းလျော့နည်းလာကြောင်း၊ ဇန်နဝါရီ ၁၉ ရက်က သီတင်းခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးစတင်ပြီးနောက် ဖေဖော်ဝါရီ ၁၅ ရက်အထိ ဂါဇာကမ်းမြောင်သို့ ထရပ်ကားအစီးရေ ၁၇၀၀၀ ခန့် ဝင်ရောက်မှုရှိခဲ့ကြောင်း အစ္စရေးအာဏာပိုင်များက ပြောသည်။ ဟားမားစ်နှင့် အစ္စရေးတို့ကြား ပဋိပက္ခဖြစ်ပွားမှုကြောင့် ဂါဇာတွင် နေအိမ် ၉၂ ရာခိုင်နှုန်းမှာ ထိခိုက်ပျက်စီးမှု သို့မဟုတ် အလုံးစုံပျက်စီးမှုဖြစ်ပွားကြောင်း ကုလသမဂ္ဂက ပြောသည်။ **အင်န်အိတ်ချ်ကေ**



# အားပြင်းသည့် လေအေးထုများနှင့် ဆောင်းရာသီဖိအားပုံစံကြောင့် ဂျပန်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဆီးနှင်းများထူထပ်စွာကျဆင်း

**တိုကျို ဖေဖော်ဝါရီ ၁၉**

အားပြင်းသည့် လေအေးထုနှင့် ဆောင်းရာသီ ဖိအားပုံစံကြောင့် ဟော့ကိုင်းဒိုး၏ ဂျပန်ပင်လယ် ကမ်းရိုးတန်း တစ်လျှောက်နှင့် ဂျပန်နိုင်ငံ၏ အဓိကဟွန်ရှူကျွန်း၊ ကင်အီနှင့် တိုကာအီတို့၏ အနိမ့်ပိုင်းဒေသများတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့သည်။

ဂျပန်မိုးလေဝသ အေဂျင်စီက ဖြစ်ပေါ်လာနိုင်သည့် ယာဉ်ကြောပိတ်ဆို့နိုင်မှု အခြေအနေ၊ လျှပ်စစ်မီးများ ပြတ်တောက်နိုင်မှုအခြေအနေ၊ သစ်ပင်များ ပြိုလဲနိုင်သည့် အခြေအနေနှင့် မြေပြိုခြင်းအခြေအနေများကို သတိထားရန် တိုက်တွန်းထားသည်။

ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၁ နာရီအထိ ခြောက်နာရီအတွင်း ဟော့ကိုင်းဒိုးရှိ ဆပ်ပိုရိုမြို့အနီး ဆီးနှင်းကျဆင်းမှုသည် ၃၃ စင်တီမီတာ၊ နီအီဂါတာခရိုင် ယူဇာဝါမြို့တွင် ၁၉ စင်တီမီတာ၊ ဟီရိုရှီးမားခရိုင် အာကီတာမြို့နှင့် ရှိုဘာရာမြို့တွင် ၁၇ စင်တီမီတာ အထိရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၁ နာရီအထိ အာအိုမိုရီခရိုင် ဟက်ကိုဒါတောင်စဉ်တောင်တန်းများရှိရာ ဆုကာယုဒေသတွင် ဆီးနှင်း ၄ ဒသမ ၆၄ မီတာအထိ ဆီးနှင်းများ စုပုံကျဆင်းခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းအထိ တိုဟိုကုနှင့် ဟိုကူရိုကူဒေသများနှင့် နီအီဂါတာခရိုင်တွင် ဆီးနှင်း ၇၀ စင်တီမီတာအထိ ကျဆင်းနိုင်ပြီး ကန်တို - ကိုရှင်ဒေသတွင် ၆၀ စင်တီမီတာအထိ ကျဆင်းနိုင်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



# ယီမင်သင်္ဘောတစ်စင်းကို ဆိုမာလီ ပင်လယ်ဓားပြများ ထပ်မံသိမ်းယူ

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၁၉**

ဆိုမာလီကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်တွင် ယီမင်အလံလွှင့်ထူထားသည့် ငါးဖမ်းသင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများက ထပ်မံသိမ်းယူမှုဖြစ်ပွားခဲ့သည်ဟု ဥရောပသမဂ္ဂရေကြောင်းတပ်ဖွဲ့က ပြောသည်။

ပင်လယ်ဓားပြများသည် ဆိုမာလီ၏ တစ်စိတ်တစ်ပိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန့်တလန်း၏ မြောက်ဘက်ကမ်းရိုးတန်းဒေသ၌ ဖေဖော်ဝါရီ ၁၇ ရက်တွင် သင်္ဘောကိုသိမ်းယူခဲ့ခြင်းဖြစ်သည်ဟု ဥရောပသမဂ္ဂ ရေကြောင်းတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၈ ရက်တွင်ပြောသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိပြီး ဥရောပသမဂ္ဂရေကြောင်းတပ်ဖွဲ့သည် ယီမင်ကမ်းခြေစောင့်တပ်နှင့် အနီးကပ်ပူးပေါင်းကာ စောင့်ကြည့်မှုများပြုလုပ်လျက်ရှိသည်။ ယီမင်နိုင်ငံအလံတပ်ဆင်ထားသည့် သင်္ဘောအယ်လ်နာ့ဂျ်မာ စီးနင်းခံရပြီး ၁၀ ရက်အကြာတွင် ယခုဖြစ်ရပ်ထပ်မံဖြစ်ပွားခဲ့သည်။ ကုန်တင်သင်္ဘောများ အဆိုပါဒေသသို့ဝင်ထွက်သည့်အခါ အလွန်သတိထားရန်နှင့် လုံခြုံရေးဆိုင်ရာစံနှုန်းများအတိုင်း လိုက်နာကြရန် ဥရောပသမဂ္ဂ ရေကြောင်းတပ်ဖွဲ့က အကြံပြုထားသည်။ **ဆင်ဟွာ**

# ၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၉**

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားကွင်း၌ ယမန်နေ့ ညနေပိုင်းက ၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၃၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။



ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာစာဌာန ပါမောက္ခ ဒေါက်တာသဇင်သောင်းက တပို့တွဲလ ထမနဲထိုးပွဲနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ ပဲခူးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဆန်းယုမော်က ထမနဲထိုးပြိုင်ပွဲ စည်းကမ်းချက်များကိုလည်းကောင်း ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက ပြိုင်ပွဲဝင်အသင်းများအား စတင်ယှဉ်ပြိုင်နိုင်ရန် မင်္ဂလာမောင်းသုံးချက်တီး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်များ၏ စည်းလုံးမှုစုပေါင်းအားဖြင့် ထမနဲထိုးယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ နှစ်သိမ့်ဆုရရှိသည့် ပြိုင်ပွဲဝင် အသင်းအဖွဲ့ ၃၆ ဖွဲ့အား ဆုငွေကျပ်တစ်သိန်းစီနှင့် ဂုဏ်ပြုအထူးဆုရရှိသော ပြိုင်ပွဲဝင်ခုနစ်သင်းအား ဆုငွေကျပ်နှစ်သိန်းစီကို တိုင်းဒေသကြီးဝန်ကြီးများ၊ ပဲခူးတက္ကသိုလ်ပါမောက္ခချုပ်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများကလည်းကောင်း၊ တတိယဆုရရှိသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန(ခ)အသင်းနှင့် ဥသျှောင်မြို့သစ် (၉) ရပ်ကွက်အသင်းတို့အတွက် ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းစီကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် စီးပွားရေးရာဝန်ကြီးဌာန (က) အသင်းနှင့် ဥသျှောင်မြို့သစ်(၁)ရပ်ကွက်အသင်းတို့အတွက် ဂုဏ်ပြုဆုငွေ ခုနစ်သိန်းကျပ်စီကို တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်ကလည်းကောင်း၊ ပထမဆုရရှိသည့် သယံဇာတရေးရာဝန်ကြီးဌာန (ဂ)အသင်းနှင့် ဘုရားကြီးမြို့အသင်းတို့အတွက် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းစီနှင့် ဒိုင်အဖွဲ့များအတွက် ဂုဏ်ပြုငွေကျပ်သုံးသိန်းတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၄၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မြို့သစ်မြို့နယ်၌ လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြို့သစ် ဖေဖော်ဝါရီ ၁၉**

မကွေးခရိုင် မြို့သစ်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပေပင်ရိုး၊ ပုဂံမျော်တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းကျေးရွာချင်းဆက်လမ်း(၅/၀)မိုင်ပေါ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးငွေလုံးငွေရင်း (ပြင်ထိန်း) အထွေထွေပိုလျှံရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်လမ်း(၀/၃)မိုင်ခင်းခြင်းလုပ်ငန်း၊ ကွန်ကရစ်ရေကျော်ရေဆင်းပြုပြင်ခြင်းလုပ်ငန်း၊ မြေသားတာပေါင်ချဲ့၍ ကျောက်ရောမြေ (၂/၀)မိုင် ခင်းခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်နှင့် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်နှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**

## ကန်တော့ခံစာပေပညာရှင်ကြီးများ စာပေစကားတစ်ဆင့်ပွား စကားဝိုင်းကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ကန်တော့ခံ စာပေပညာရှင်ကြီးများ၏ စာပေစကားတစ်ဆင့်ပွား စကားဝိုင်းကျင်းပခြင်းကို ယနေ့နံနက် ၁၀ နာရီက ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ချစ်စုဝေက အမှာစကားပြောကြားပြီး ကန်တော့ခံ စာပေပညာရှင်ကြီးများ ဖြစ်ကြသည့် ဆရာကြီး ဘသက်ဆွေ၊ ဆရာကြီး ဦးကျော်အောင်၊ ဦးကျော်စိန်ညွှန့်၊ မိုးကုတ်မောင်ဟန်၊ တက္ကသိုလ်ကျော်စိန်သန်း၊ ဦးကျော်စိန်ညွှန့်၊ တက္ကသိုလ်မြတ်သူတို့က စာပေစကားတစ်ဆင့်ပွား စကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင် ဆရာမင်းသက်ပိုင်က စာပေစကားနှင့် မုဒိတာစကားပြောကြားပြီး ဒေါပုံမြို့နယ်စာရေးဆရာအသင်း နာယက ဦးတင်သိန်း (ရွှေကျွန်းတင်ဇော်သိန်း)က ကျေးဇူးတင်စကား ပြောကြားသည်။



ကန်တော့ခံ ဆရာကြီးများအား စာရေးဆရာမ မအေးပွင့် ထုတ်ခဲ့သော ပါရမီဖြည့်ဖက်စာအုပ်၊ ချစ်လင်အားထားရသော ဇနီးကောင်းစာအုပ်နှင့် ကန်တော့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**

## တောင်ငူမြို့နယ်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းစစ်ဆေး



**တောင်ငူ ဖေဖော်ဝါရီ ၁၉**

မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် တောင်ငူမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကွင်းအမှတ် (၄၈၇) ရှိ တောင်သူ ဦးသန်းမြင့်၏ လယ်မြေတွင် မီးလောင်ကျွမ်းမှု Fire Hotspot ဖြစ်ပေါ်မှု လျှော့ချနိုင်ရေးအတွက် ယနေ့နံနက်က ခရိုင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးသည်။ ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်က မီးရှို့မှုများမရှိစေရေးအသိပညာပေးပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်ဦးမောင်က အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား Tour Pro နှင့် Senior Pro အဆင့် တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG) က အဓိကကူညီပံ့ပိုးသော ဥက္ကဋ္ဌဖလား (President Cup) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ပြိုင်ပွဲများ၏ တတိယနေ့ကို ဖေဖော်ဝါရီ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။



ပြိုင်ပွဲတတိယနေ့အပြီး Senior Pro အဆင့်တွင် ဦးဆောင်နေသည့် မင်းနိုင်။

ပြိုင်ပွဲတတိယနေ့အပြီး Tour Pro အဆင့်ပြိုင်ပွဲတွင် နိုင်နိုင်လင်းနှင့် သိန်းနိုင်စိုး (HAN Golf Masters) တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ ထိပ်ဆုံးတွင် ပူးတွဲဦးဆောင်နေပြီး သီဟဌေး (HAN Golf Masters) နှင့် မျိုးဝင်းအောင်(PMA Association) တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် အဆင့်သုံးနေရာတွင် ရပ်တည်နေသည်။ Senior Pro အဆင့်တွင်မူ မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ပြီး နှစ်ရက်ပေါင်းရိုက်ချက် ၁၃၀ ဖြင့် ပထမ၊ ခင်ဇော်ဝင်း(KPG)နှင့် စိုးကျော်ကျော်နိုင် (Taylormade) တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၅ ချက်ဖြင့် ဒုတိယတွင် ရပ်တည်ခဲ့ပြီး ပြိုင်ပွဲနောက်ဆုံးနေ့ကို ဖေဖော်ဝါရီ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ-MGF**

## အိမ်၊ ခြံ၊ မြေ ရင်းနှီးမြှုပ်နှံခြင်းနှင့် အိမ်ရာချေးငွေအကြောင်း ဟောပြောပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ သင်္ဘောသားများနှင့် မိသားစုဝင်များ အိမ်၊ ခြံ၊ မြေ ဝယ်ယူရန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတရရှိစေရန်နှင့် အိမ်ရာချေးငွေရယူခြင်းအကြောင်း သိရှိနားလည်စေရန် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်နှင့် တံခွန်ဦးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ စီစဉ်မှုဖြင့် အိမ်၊ ခြံ၊ မြေ ရင်းနှီးမြှုပ်နှံခြင်းနှင့် အိမ်ရာချေးငွေအကြောင်း ဟောပြောပွဲကို ယမန်နေ့က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်၊ တံခွန်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးမျိုးအေး၊ စာရေးဆရာ လင်းသိုက်ညွှန့်(မြန်မာ့မြေ)တို့က အိမ်၊ ခြံ၊ မြေ ရင်းနှီးမြှုပ်နှံမှု အကြောင်းအရာများနှင့် အိမ်ရာချေးငွေ(Home Loan) ဖြင့် ဘဏ်ချေးငွေရယူပြီး အိမ်ဝယ်ယူသည့်အခါ လိုအပ်သောအချက်အလက်များနှင့် သိထားသင့်သည့် အချက်အလက်များကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## မြင်းခြံခရိုင်၌ ဆောင်းထောပတ်ပဲသီးနှံစိုက်ပျိုးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲသီးနှံကို မိုးစိုက်နှင့် ဆောင်းစိုက်ဟူ၍ နှစ်ရာသီစိုက်ပျိုးကြကြောင်း၊ ဆောင်းထောပတ်ပဲကို မြင်းခြံမြို့နယ်၌ ၈၉၆ ဧက၊ နွားထိုးကြီးမြို့နယ်၌ ၂၀၄၇ ဧက စုစုပေါင်းစိုက်ဧက ၂၉၄၃ ဧကစိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဆောင်းထောပတ်ပဲကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး မတ်လနှင့် ဧပြီလများတွင် ရိတ်သိမ်းထွက်ပေါ်ကြောင်း၊ ထောပတ်ပဲမျိုးများမှာ ပင်ထောင်ထောပတ်ပဲမျိုးနှင့် ပင်ပြန့်ထောပတ်ပဲမျိုးများဖြစ်ပြီး ပင်ပြန့်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မြေပြုပြင်၍ အတန်းလိုက်စိုက်ပျိုးကြပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၅၃၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ထောပတ်ပဲ ၉-၁၀ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မြင်းခြံမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်(ဘုရင့်နောင်) ပွဲရုံသို့ တင်ပို့ကြောင်း၊ ယခုအချိန်တွင် ထောပတ်ပဲသီးနှံ စိုက်ခင်းများမှာ အသီးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင် ရိတ်သိမ်းရမည်ဖြစ်ကြောင်း ထောပတ်ပဲသီးနှံစိုက် တောင်သူတစ်ဦးထံမှ သိရှိရသည်။ **DOCA (မန္တလေး)**



## အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာ၌ ဖူးစားပြောင်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းသီးနှံများ ကိုလည်း ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးပြီး သုံးလအကြာတွင် ခူးဆွတ်ရကြောင်း၊ ထိုင်ဝမ်ပြောင်းစေးမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ်သုံးထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချ၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ ရေသွင်းခ၊ မြေပြုပြင်ခနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၄၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၄၀၀၀ ခန့် ထွက်ရှိခဲ့ပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ ဇေယျာသီရိဈေးနှင့် သရက်-မင်းလှကားလမ်းဘေးရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်ကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**

## ရွှေတောင်မြို့နယ်၌ ဖရဲသီးနှံများ တစ်နိုင်တစ်ပိုင်စိုက်ပျိုး၍ အကျိုးအမြတ်ရရှိ

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျီးသဲကျေးရွာအုပ်စု၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သော ဖရဲသီးနှံကို ခြောက်ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဖရဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးကြပြီး သုံးလခန့်အကြာ ဇန်နဝါရီလမှစတင်၍ ဖရဲသီးများ ထွက်ပေါ်ကြောင်း၊ မျိုးအနေဖြင့် ဖရဲ- ၆၁၁ မျိုးများကို သဲနုန်းမြေများတွင် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ခြောက်သိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ရောင်းတန်းဝင် ဖရဲသီးအလုံးရေ ၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဖရဲစိုက်ခင်းများကို ပွဲစားများထံသို့ အခင်းပြတ်ရောင်းချကြပြီး ပွဲစားများက ရန်ကုန်-ပြည် ကားလမ်းဘေးတွင် ဆိုင်ခန်းများ ဖွင့်လှစ်၍ ရောင်းချကြသည့်အပြင် ပြည်မြို့၊ ရွှေတောင်မြို့၊ ဝက်ထီးကန်မြို့နှင့် မော်ဇာမြို့များသို့လည်း တင်ပို့ရောင်းချကြကြောင်း သိရှိရသည်။ **DOCA (ပဲခူး)**





## ကျောက်ဆည်ခရိုင်၌ ကြက်သွန်နီ(ဆောင်း)သီးနှံများ လှိုင်လှိုင်ထွက်ပေါ်ကာ အရောင်းအဝယ်ဖြစ်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကသဲကုန်း၊ သိုတန်၊ ငါးမြွေကုန်း၊ ပင်းချားနှင့် လက်ဝဲရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီသီးနှံကို ကျောက်ဆည်မြို့နယ်၌ ၈၉၇၅ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၃၅၁၅ ဧက၊ မြစ်သားမြို့နယ်၌ ဧက ၁၅၅၃၀ စုစုပေါင်း ဧက ၂၈၀၂၀ စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရသိရပြီး ယခုအချိန်တွင် ကြက်သွန်နီ(ဆောင်း)များ လှိုင်လှိုင်ထွက်ပေါ်ကာ ဈေးကွက်အတွင်း ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီ(ဆောင်း) စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင်သက်တမ်းရင့်ချိန်တွင် ဘောင်ခတ်စနစ်ဖြင့် မြေချစိုက်ပျိုးရကြောင်း၊ မျိုးအနေဖြင့် မြစ်သားရွှေဖလားမျိုးမှန်နှင့် ရွှေဖလားထိပ်မောက်မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၃၂ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် စုစုပေါင်း ပိဿာချိန် ၂၄၀၀-၂၅၀၀ ခန့် ထွက်ရှိပြီး မြေဆီလွှာကောင်းမွန်မှုနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်ပြီး အလုံးများသန့်၍ အထွက်နှုန်းပိုမိုကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူမှုများရှိသည့်အပြင် တောင်သူများမှာလည်း ကျောက်ဆည်မြို့နှင့် မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံမှ သိရှိရသည်။ **DOCA (မန္တလေး)**

### ၁၉-၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၇၉၅၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | | | ၃၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၈၅၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၈၄၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၇၅၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၄၆၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၇၀၀၀ | ၁၆၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၈၅၀ | ၉၈၀၀ | ၇၅၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၃၈၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၀၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၁၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၁၂၅ | ၁၈၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၇၀၀ | ၉၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၈၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၈၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၇၀၀ | ၁၆၂၀၀ | ၃၂၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၇၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၇၀၀ | ၆၀၀၀ | ၅၄၀၀ | ၁၇၂၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၇၀၀ | ၁၆၈၀၀ | ၃၆၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၆၂၀၀ | ၅၄၀၀ | ၁၇၄၀၀ | ၃၀၀၀၀ | ၂၄၅၀၀ | ၃၀၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၇၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## ညောင်ရွှေနှင့် ရပ်စောက်မြို့နယ်တို့၌ မြို့နယ်သံဃနာယကအဖွဲ့ ပြန်လည်ရွေးချယ်

ညောင်ရွှေ ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့၏ မြို့နယ်သံဃနာယကအဖွဲ့ အနားယူ၊ ပြန်လည်ရွေးချယ်ခြင်းဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်က ညောင်ရွှေမြို့ စိန်ရတုပုဗ္ဗာရုံ ကျောင်းဆောင်၌ ကျင်းပသည်။



ဦးစွာ အစည်းအဝေး တက်ရောက်လာသည့် ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို စတင်ကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တ အား သဘာပတိဆရာတော်အဖြစ် တင်မြှောက်ကြသည်။ ထို့နောက် သဘာပတိ ဆရာတော်ကြီးက သြဝါဒကထာ မြွက်ကြားတော်မူပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာလင်းက သာသနာရေး ဆိုင်ရာ ကိစ္စရပ်များကို ဖတ်ကြား လျှောက်ထားသည်။

ယင်းနောက် ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့မှ အနားယူကြမည့် မြို့နယ် သံဃနာယက အဖွဲ့ဝင် ဆရာတော်များနှင့် ပြန်လည်ရွေးချယ် တင်မြှောက်သည့် ဆရာတော်များ၏ ဘွဲ့တော်များ အဆိုပြုတင်ပြ ဖတ်ကြား လျှောက်ထားခြင်းနှင့် ထောက်ခံတင်ပြ လျှောက်ထားခြင်းများ ပြုလုပ်ကြ၍ သဘာပတိ ဆရာတော်ကြီးက သံဃာ သဘောထားရယူ၍ အတည်ပြုခဲ့သည်။

**စိုင်းအယ်ဘဲ**



အုတ်ဖိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်လင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ဝန်ထမ်းများ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် အထက (အုတ်ဖို)၊ အထက (အိုးသည်ကုန်း)နှင့် အထက (အေးမြသာယာ)ကျောင်းများ၌ ဖေဖော်ဝါရီ ၁၈ ရက်က မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။ အောင်သူ(အုတ်ဖို)

## စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးလောင်မှုအရေအတွက်လျှော့ချရေး ဆွေးနွေး

မုံရွာ ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးလောင်မှု (Hotspot) အရေအတွက်များပြားနေခြင်းကို လျှော့ချနိုင်ရေး၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဇော်မြင့်က ကော်မတီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး ဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများသို့ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်စိုးမိုး ဦးဆောင်သောအဖွဲ့ စစ်ဆေးဆောင်ရွက်စဉ်။ ခရမ်း(ပြန်/ဆက်)

## နေကြာစိုက်ခင်းများမှ နေကြာကြိတ်ခွဲ ဖြန့်ဖြူးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

တောင်ကြီး ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ သမဝါယမအသင်းသားတောင်သူများမှ စိုက်ပျိုးထွက်ရှိသော နေကြာများအား ဝယ်ယူကြိတ်ခွဲဖြန့်ဖြူးနိုင်ရေးအတွက် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့နယ် လမင်းအိမ်ဆီစက်၊ ညီနောင်ဆီစက်၊ ပင်းတယမြို့ မျိုးစံဆီစက်နှင့် ညောင်ရွှေမြို့ ဦးပေါက်ဖော်ဆီစက်၊ ရွှေလိမ္မော်ဆီစက်များကို ကွင်းဆင်းကြည့်ရှု၍ ဝယ်ယူကြိတ်ခွဲဖြန့်ဖြူးနိုင်ရေးနှင့် ရရှိလာသော နေကြာဆီများကို ဈေးကွက်ရရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် တောင်ကြီးနှင့် ညောင်ရွှေမြို့နယ် သမဝါယမအသင်းစုပိုင်ဆီစက်များတွင်လည်း နေကြာဆီများ အရည်အသွေးပြည့်မီစွာ ကြိတ်ခွဲဖြန့်ဖြူးနိုင်ရေးနှင့် အသင်းသားတောင်သူများ အကျိုးအမြတ်ရရှိစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်က Wilmar Myanmar Riceland Kyaiklat Limited ပေါင်းဆန်စက်ရုံ၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများသို့ ကြိုတင်ဆောင်ရွက်ရန် လုပ်ငန်းများ နှိုးဆော်ချက်

၁။ မိုးကြိုချည်မျှင်ရှည်ဝါကို ဖေဖော်ဝါရီလလယ်မှ စတင်စိုက်ပျိုးမည်ဖြစ်ရာ မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများအနေဖြင့် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်သည်။

**(က) မျိုး**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ ဝါမျိုးစေ့များအား ကြိုတင်ဝယ်ယူစုဆောင်းထားရန်

(၂) မျိုးကွဲလုံးဝကင်းစင်ပြီး အပင်ပေါက်ရာခိုင်နှုန်း(၈၀)အထက်ရှိ အရည်အသွေးမြင့် မျိုးဝါစေ့များကိုသာ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်စုဆောင်းထားရန်

(၃) မျိုးစေ့များ ခြောက်သွေ့ရန်အတွက် နေ(၂-၃)ကြိမ်လှန်းပြီးမှ ဂုန်နီအိတ်တွင် ထည့်၍ ရေမစိုနိုင်သောနေရာတွင် ကတ်များခင်းပြီး သိုလှောင်ထားရန်

**(ခ) မြေ**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရှေ့သီးနှံများအချိန်မီ ဖယ်ရှားရေး၊ အချိန်မီ မြေပြုပြင်ပြီးစီးရေး၊ စိုက်ပျိုးချိန်တွင် ရေအပြည့်အဝ ပေးသွင်းရရှိရေးတို့အတွက် ကြိုတင်အစီအစဉ်များရေးဆွဲ ဆောင်ရွက်ရန်

(၂) မြေဆီသြဇာသင့်တင့်ကောင်းမွန်ပြီး အစိုဓာတ်ထိန်းသိမ်းမှုနှင့် လေဝင်လေထွက် ကောင်းသော နုန်းမြေ၊ နုန်းစနယ်မြေနှင့် သဲနုန်းမြေများကို ရွေးချယ် စိုက်ပျိုးရန်

**(ဂ) ပေါင်းမြက်ကြိုတင်ကာကွယ်နှိမ်နင်းရေး**

(၁) ရှေ့သီးနှံ(ဥပမာ-စပါး)ရိတ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက်မြေမစိုလွန်း မခြောက်လွန်းရှိမည့် ပပ်ကြားအက်စအချိန်တွင် ပထမထယ်တစ်စပ်ထိုးရန်နှင့် အခြောက်လွန်သွားသော စိုက်ခင်းတွင် ရေစပ်ရုံမျှသွင်းပြီး မြေအထန့်တွင် ထယ်ထိုးရန်

(၂) မိုးနှောင်းချည်မျှင်ရှည်ဝါအပြီး မိုးကြိုဝါဆက်လက်စိုက်ပျိုးမည့် စိုက်ခင်းများတွင် ဝါကိုနောက်ဆွဲကောက်သိမ်းခြင်းဖြင့် စိုက်ခင်းများအတွင်း ပေါင်းပင်များ အစေ့တည်ပြီး ရင့်မှည့်လာနိုင်သောကြောင့် ပေါင်းပင်များကို ဆက်လက်ရှင်သန်ခွင့်မပေးဘဲ ထယ်ထိုးပေါင်းသတ်ထားရန်

(၃) စိုက်ထယ်ရေးမပြုလုပ်မီ အချိန်အတွင်း (၁၆)သွားထွန်တစ်စပ် သို့မဟုတ် နှစ်စပ်ဝင်ပြီး ပေါင်းသတ်ထွန်ရေးပြုလုပ်ထားရန်

(၄) အသုံးပြုမည့် ထယ်/ထွန်/ကြားတိုက်ကိရိယာများတွင် ပေါင်းစေ့များတွယ်ကပ်မှု မရှိစေရန် ကောင်းစွာသန့်ရှင်းပြီးမှ အသုံးပြုရန်

(၅) မိုးကြိုချည်မျှင်ရှည်ဝါသည် ရေသွင်းစိုက်ပျိုးသည့် သီးနှံဖြစ်သည့်အလျောက် ရေသွင်းမြောင်းများ သန့်ရှင်းရေးကို ကြိုတင်ဆောင်ရွက်ထားရန်

(၆) ကောင်းစွာဆွေးမြည့်သော နွားချေးနှင့် သဘာဝမြေသြဇာများကိုသာ သုံးစွဲရန်

(၇) အကယ်၍ ပေါင်းသတ်ထွန်ရေး မပြုလုပ်နိုင်ခဲ့လျှင်သော်လည်းကောင်း၊ ပေါင်းသတ်ထွန်ရေး ပြုလုပ်သော်လည်း ပေါင်းမြက်များ ဆက်လက်ကျန်ရှိနေလျှင်သော် လည်းကောင်း၊ အထူးသဖြင့် မြေစာမြက်ကဲ့သို့သော နှစ်ရှည်ခံပေါင်းမြက်များ ပေါက်ရောက်မှု ထူထပ်လျှင်သော်လည်းကောင်း၊ အစိုဓာတ်သင့်တင့်စွာရှိချိန် ဝါမစိုက်ပျိုးမီအနည်းဆုံး (၂၀-၂၅) ရက်ကြိုတင်၍ ပေါင်းသတ်ဆေးပက်ဖျန်းပေါင်းသတ်ထားရန်

**(ဃ) စိုက်ချိန်မှန်ကန်စေခြင်း**

မိုးကြိုချည်မျှင်ရှည်ဝါ - ဖေဖော်ဝါရီလလယ်မှ မတ်လလယ်အတွင်း

**ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁-၂-၂၀၂၅ ရက်နေ့မှ ၁၅-၂-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ<br>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
|---|---|---|---|---|---|---|---|---|
| ၁ | | **နေပြည်တော်** | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| | ၁ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဒဂုံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | လက်ခံနိုင်သော | ကောင်းမွန် |
| | ၂ | International Business Center (IBC)၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | လက်ခံနိုင်သော |
| ၃ | | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| | ၁ | အမရပူရမြို့နယ် | ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | ကောင်းမွန် | |
| | ၅ | ကျောက်ဆည်မြို့ | ကောင်းမွန် | | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | ကသာမြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | လက်ခံနိုင်သော |
| | ၃ | စစ်ကိုင်းမြို့ | ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၅ | | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | | **ပဲခူးတိုင်းဒေသကြီး** | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| | ၁ | မကွေးမြို့ | လက်ခံနိုင်သော | | – | ကောင်းမွန် | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | | **ကရင်ပြည်နယ်** | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | လက်ခံနိုင်သော | ကောင်းမွန် | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | | ကောင်းမွန် | |
| ၁၀ | | **မွန်ပြည်နယ်** | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၁၁ | | **ရှမ်းပြည်နယ်** | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | တာချီလိတ်မြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | – | – | – | – | – |
| | ၃ | ကျိုင်းတုံမြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

## Online Appointment ကိစ္စ မသမာမှုများကို ဖြေရှင်းရာတွင် ကိုယ်တိုင်လျှောက်သူများ ပါဝင်သွားပါက ပြန်လည်တင်ပြနိုင်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး အသိပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန်အတွက် Online Appointment များရယူကာ ရောင်းချမှုများရှိသောကြောင့် သံသယရှိသူများ၏ Appointment များကို စိစစ်၊ ပယ်ဖျက်ရာတွင် ကိုယ်တိုင်လျှောက်ထားရန် ဆောင်ရွက်ထားသော နိုင်ငံသားများ၏ Appointment များ ပါရှိသွားပါက အချက်အလက်အပြည့်အစုံတင်ပြ၍ သံရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ၊ မြန်မာသံရုံးက အသိပေးကြေညာထားသည်။**

မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံတွင် ရောက်ရှိနေထိုင်နေကြသည့် မြန်မာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာတွင် သံရုံးသို့ လူကိုယ်တိုင်လာရောက်၍ ဆောင်ရွက်ကြသူ အလွန်များပြားလာသောကြောင့် မြန်မာနိုင်ငံသားများအား အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်စေရန်အတွက် Online Appointment စနစ်ကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ကျင့်သုံးခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါ Online Appointment စနစ်တွင် ရက်ချိန်းရယူထားပြီး အလုပ်အားလပ်မှုမရှိသဖြင့် သံရုံးသို့ လူကိုယ်တိုင်လာရောက်ရန် အခက်အခဲရှိသူများအတွက်လည်း မိသားစုဝင်တစ်ဦးဦးမှဖြစ်စေ၊ အသိမိတ်ဆွေမှဖြစ်စေ ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်လျှောက်ထားခြင်းကို ဖြေလျှော့ခွင့်ပြုထားရှိသည်ဟုပါရှိသည်။

သို့ရာတွင် အဆိုပါဖြေလျှော့ပေးမှုအပေါ် အချို့သူများက မိမိအကျိုးအတွက် အသုံးပြုနေကြောင်း သံရုံးအနေဖြင့် စိစစ်တွေ့ရှိရပြီး အဆိုပါပုဂ္ဂိုလ်များသည် မိမိကိုယ်တိုင် လျှောက်ထားရန်အတွက် မဟုတ်ဘဲ Online Appointment စနစ်သို့ အမည်အမျိုးမျိုး၊ အီးမေးလ်လိပ်စာအမျိုးမျိုးဖြင့် ဝင်ရောက်ကာ ကြိုတင် Appointment များ ရယူထားပြီး အဆိုပါ Appointment အား အခကြေးငွေဖြင့် ရောင်းချကာ ကိုယ်ကျိုးအတွက် အသုံးချနေကြသဖြင့် ကိုယ်တိုင်ဆောင်ရွက်လိုသော မြန်မာနိုင်ငံသားများမှ ရက်ချိန်းရယူရာတွင် အခက်အခဲရှိနေကြောင်း တွေ့ရှိရကြောင်းလည်း ဖော်ပြပါရှိသည်။

ထို့ကြောင့် မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် မိမိအကျိုးစီးပွားအတွက် Online Appointment များ ကြိုတင်ရယူဆောင်ရွက်ထားကြောင်း သံသယရှိသူများ၏ Appointment များကို စိစစ်ပယ်ဖျက်လျက်ရှိရာ ကိုယ်တိုင်လျှောက်ထားရန် ဆောင်ရွက်ထားသော နိုင်ငံသားများ၏ Appointment များပါရှိသွားပါက အချက်အလက်အပြည့်အစုံတင်ပြ၍ သံရုံးသို့လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပြီး သံရုံးမှလိုအပ်သည့် စိစစ်မှုများပြုလုပ်၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

သံရုံးသို့ လာရောက်ရာတွင်လည်း ကာယကံရှင်က ကိုယ်တိုင်ပြုလုပ်ထားခြင်းမရှိသည့် Appointment များဖြင့် လာရောက်ခြင်းဟုတ်၊ မဟုတ် လိုအပ်သည့်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာ ကောင်စစ်ဌာနအတွင်းသို့ ဝင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

ထို့အပြင် မှန်ကန်ကိုက်ညီသော လျှောက်ထားမှုများနှင့် မိသားစုဝင်များမှအပ Appointment တစ်ခုလျှင် လျှောက်လွှာတစ်စောင်သာ လက်ခံသွားမည်ဖြစ်ပြီး မိသားစုဝင်များမှအပ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ကိုယ်စားလာရောက်လျှောက်ထားသူများအား လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးထားကာ သံရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားရန် အခက်အခဲရှိသော ဝေးလံဒေသများမှ မြန်မာနိုင်ငံသားများအနေဖြင့် စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားမှုကို ဆက်လက်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သံရုံးမှအသိပေးထားသည်။

**မေသက်**

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ နောက်လယ်ရပ်၊ နောက်လယ် (၁၂) လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်တင်သွင်းခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Yamaha မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ ရွှေဘိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၃၉၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၀၀၃၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျုံမငေးမြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀)ကိုလည်းကောင်း၊ ပုသိမ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း၊ ကျိုင်းဖောင်းရွာအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၇၂၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၁၆၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၁၂၇၂၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၇၇၉၇၆၄၂) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ မီးဘေးကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးဝေဖြိုးခိုင်နှင့် တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးတို့ကို စစ်ဆေးဆောင်ရွက်စဉ်။

သိန်းအောင်(ခရိုင်ပြန်/ဆက်)




မလှိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၈ ရက်က ထန်းတောကျေးရွာ Max စက်သုံးဆီဆိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးစဉ်။

မောင်ကျော်ကြီး



ကော့သောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများ၌ မီးလောင်မှု၊ မီးလန့်မှုမဖြစ်စေရေး မီးဘေးလုံခြုံရေးကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနက စစ်ဆေးဆောင်ရွက်စဉ်။

ခရိုင် (ပြန်/ဆက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ မန္တလေး
## မန္တလေးမြို့
## အကြိမ်(၂၀)မြောက်၊ (၂၁)ကြိမ်မြောက်နှင့်(၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်၊ မန္တလေး၏ အကြိမ်(၂၀)မြောက်၊ (၂၁)ကြိမ်မြောက်နှင့် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) **အစမ်းလေ့ကျင့်မည့်ရက်** - ၇-၃-၂၀၂၅ရက်(သောကြာနေ့) နံနက် ပိုင်း

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - ၈-၃-၂၀၂၅ရက်(စနေနေ့) နံနက်ပိုင်းနှင့်နေ့လယ်ပိုင်း

၂။ အကြိမ်(၂၀)မြောက်၊ (၂၁)ကြိမ်မြောက်နှင့် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားသို့ သူနာပြုတက္ကသိုလ်၊ မန္တလေးမှ အောက်ဖော်ပြပါသတ်မှတ်ချက် များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) သူနာပြုပါရဂူဘွဲ့(၁/၂၀၁၇)သင်တန်း၊ သူနာပြုပါရဂူဘွဲ့(၁/၂၀၂၀)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ခ) သူနာပြုမဟာသိပ္ပံဘွဲ့(၁/၂၀၁၈)သင်တန်း နောက်ဆက်တွဲစာမေးပွဲ အောင်ပြီးသူ

(ဂ) သူနာပြုမဟာသိပ္ပံဘွဲ့(၁/၂၀၁၉)သင်တန်း၊ သူနာပြုမဟာသိပ္ပံဘွဲ့(၁/၂၀၂၀)သင်တန်း၊ သူနာပြု မဟာသိပ္ပံဘွဲ့(၈/၂၀၂၁)သင်တန်း၊ သူနာပြု မဟာသိပ္ပံဘွဲ့ (၁/၂၀၂၃) သင်တန်းစာမေးပွဲ အောင်မြင်ပြီးသူများ

(ဃ) အထူးပြုသူနာပြုဒီပလိုမာ(၉)လ (၁/၂၀၂၀)သင်တန်း၊ အထူးပြုသူနာပြုဒီပလိုမာ (၉)လ (၁/၂၀၂၃)သင်တန်း၊ အထူးပြုသူနာပြုဒီပလိုမာ(၉)လ(၁/၂၀၂၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(င) စတုတ္ထနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁/၂၀၂၀)သင်တန်း၊ စတုတ္ထနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (စနစ်ဟောင်း/စနစ်သစ်)(၁-၂၀၂၃)သင်တန်း၊ စတုတ္ထနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)(စနစ်ဟောင်း/စနစ်သစ်)(၁/၂၀၂၄)သင်တန်း စာမေးပွဲအောင် မြင်ပြီးသူများ

(စ) ဒုတိယနှစ်သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) (အဝေးသင်)(၁/၂၀၂၀)သင်တန်း သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) (တစ်နှစ်) (၁/၂၀၂၀)သင်တန်း ဒုတိယနှစ်သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) (အဝေးသင်) (၆/၂၀၂၂)သင်တန်းနှင့်သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)(တစ်နှစ်) (၁/၂၀၂၃)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာအောက်ပါအတိုင်းဖြစ်ပါသည်။

**တက်ရောက်ဘွဲ့** - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)

**အဝေးရောက်ဘွဲ့** - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို သူနာပြုတက္ကသိုလ်၊ မန္တလေး၊ ကျောင်းသားရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် (အမျိုးသား-မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ) ဖြင့်လတ်တလော ရိုက်ကူးထားသော ( ၁ ၃ " x ၂ " )အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ ပူးတွဲလျက် (၂၀ -၂-၂၀၂၅)ရက်မှ (၂၇-၂-၂၀၂၅)ရက်အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသား ဝတ်စုံ အနောက်တိုင်းဝတ်စုံ(အပြည့်အစုံ) တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာ အမျိုးသမီး ဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်း ကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ မန္တလေး၊ ကျောင်းသားရေးရာဌာနစိတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**သူနာပြုတက္ကသိုလ်၊ မန္တလေး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရလပ-၂၅)၊ ရွှေလင်ပန်းစက်မှုဇုန်၊ မောင်ကျန်သီးလမ်း၊ မြေကွက်အမှတ် (၁၇၉)၊ အကျယ်အဝန်း (၁.၄၂၂)ဧကရှိ ဒေါ်လီခင်လန့် (ခ) ဒေါ်ခင်ယု (၉/မရမ (နိုင်) ၀၈၀၈၉၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိခင်ဖြစ်သူ ဒေါ်လီခင်လန့် (ခ) ဒေါ်ခင်ယု (၉/မရမ (နိုင်) ၀၈၀၈၉၀)မှ သားဖြစ်သူ ဦးသန့်ထိုက်စိုး (၉/မရမ (နိုင်) ၀၈၃၅၆၇)ထံသို့ မေတ္တာဖြင့်ပေးကမ်းမည်ဖြစ်ပါသဖြင့် ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက မေတ္တာဖြင့်ပေးကမ်းခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တိုးချဲ့မြို့ကွက်သစ်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်အမှတ်-၄၀ မြေကွက်သည် ဦးကျော်ဝအမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ဦးကျော်ဝထံမှ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တိုးချဲ့မြို့ကွက်သစ်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်အမှတ်-၄၀နေ ဒေါ်ခင်ပြုံးရီက ဝယ်ယူခဲ့ပါသည်။ ဒေါ်ခင်ပြုံးရီထံမှ ကျွန်ုပ်မိတ်ဆွေ မကြည်ကြည်မော်က အရောင်းအဝယ်အရပ်ကတိစာချုပ်အား ချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး လက်ရှိနေထိုင် ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါအရောင်းအဝယ် ကတိစာချုပ်တွင် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးကျော်ဝနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်သီတာဌေး(L.L.B, LLM) တရားလွှတ်တော်ရှေ့နေ(စဉ် ၁၀၉၆၅)**
**အမှတ်-(၁၉၈) တမ္ဗဝတီသာမိုးရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၂၇၂၁၂၉၇၈**

---

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသောင်းတင် ၏သား ကိုယဉ်ငြိမ်းထွန်း ၅/မရန(နိုင်) ၂၆၃၆၉၄ ၏ နိုင်ငံကူးလက်မှတ် အမှတ် MA-014257 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၉၅၂ ၁၃၁ ၃၄၆

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၄၅၀၄၁, Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ထွေး ၅/ပလန(နိုင်) ၀၀၀၄၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)မြို့**

---




---

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၂၈၃ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၁၁

ဦးနိုင်းနန္ဒကိုကို
၉/မဟမ(နိုင်)၀၃၃၈၅၁
အကွက် (၃၆၃)၊ စိန်ပန်းရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့။ **လျှောက်ထားသူ**

ကွယ်လွန်သူ ဒေါ်သန်းရီ ၏ကျန်ရစ်သောပစ္စည်းများ နှင့်စပ်လျဉ်းသည့်အမှု

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက် (၃၆၃)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်သန်းရီ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးနိုင်းနန္ဒကိုကိုက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်သန်းရီ၏ကျန်ရစ်သောပစ္စည်းများတွင်အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ ရက်)နေ့၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးနိုင်းနန္ဒကိုကို၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမွန်စမ်း)**
**ခရိုင်တရားသူကြီး**
**မဟာအောင်မြေခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၁၄ (A)၊ ကျောက်ရေတွင်း၊ မြေကွက်အမှတ်-၅၄ ၊ ဧရိယာ(၀.၈၅ ဧက)နှင့် မြေကွက်အမှတ်-၅၅၊ ဧရိယာ(၁.၄၃) ဧက အကျယ်အဝန်းရှိ G-အမျိုးအစား မြေကွက် ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် မြေကွက်၊ အကျယ်အဝန်း (၂၅ ပေ x ၆၀ ပေ) ရှိ ဒေါ်သိင်္ဂီထွန်း (၁၂/ဥကမ(နိုင်)၀၂၉၁၇၁) ပိုင် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သိင်္ဂီထွန်း (၁၂/ဥကမ(နိုင်)၀၂၉၁၇၁) ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရှုဘီ (၇/ ညလပ(နိုင်)၀၉၇၂၇၇) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ၊ အဆက်အစပ်စာချုပ်မူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရှုဘီ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မျိုးထက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၁၇၉)**
**ဒေါ်သီတာစန်းလွင် (ခ) သီတာစန်း (LL.B,D.B L)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၇၆၉)**
**အမှတ်(၄)၊ မြေညီ၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph : 09-420040149, 09-43043205**

---

## ပျောက်ဆုံးကြောင်း

သာကေတမြို့နယ်၊ ၁၀/တောင်သလ္လာဝတီ (၆)လမ်းနေ ဦးဝင်းဝင်းထွန်း၏သား မောင်ညီဇေယျဟိန်း ၁၂/သကတ(နိုင်) ၂၁၃၁၂၃၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၄၀၉၄၄၀၃၉

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက (မြောင်းတကာ) မှ (စာကူးစက်လှည့်)ဝန်ထမ်း ဦးအောင်သောင်း၏ ဖခင် ဦးသိန်းဟံနှင့် ဦးသိန်းဟန်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသိန်းဟံနှင့်ဦးသိန်းဟန်**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် ဠ-၁၅၊ ဦးပိုင်အမှတ် ၅၅/၇၄x၇၅ ကြား၊ ၁၁၇x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝေမာလွင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၅၉၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်တိုး ၉/မနမ(နိုင်) ၀၁၇၇၈၄ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၄၀၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကျိန်ဖုန်ကြိမ်း ၁၃/လရန(နိုင်)၁၉၃၂၉၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/79421, ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/83573, ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/9920, Toyota Caldina AZT 241, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါလွင် ၁၂/လမန(နိုင်)၁၃၂၀၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/1724, Toyota Kluger Acu20 Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မင်း ၁၂/ဒဂတ(နိုင်)၀၂၀၁၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

---

## မွေးသက္ကရာဇ်အမှန်

ဦးဇော်မင်းထွန်း၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ Success ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မမေသူထွန်း၏ မွေးသက္ကရာဇ် အမှန်မှာ ၂၆-၁၀-၂၀၀၆ ဖြစ်ပါကြောင်း။ **မမေသူထွန်း**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/4645, DONG FENG, PICK UP DOUBLE CAB (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏကိုကိုကျော် ၁၂/ရပသ(နိုင်)၀၈၁၀၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်
# (၂၆) ကြိမ်မြောက်၊ (၂၇) ကြိမ်မြောက်နှင့် (၂၈)ကြိမ်မြောက်
# ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ (၂၆)ကြိမ်မြောက်၊ (၂၇)ကြိမ်မြောက်နှင့် (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) **အစမ်းလေ့ကျင့်မည့်ရက်** - (၁၈-၃-၂၀၂၅) ရက် (အင်္ဂါနေ့)

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - (၁၉-၃-၂၀၂၅) ရက်(ဗုဒ္ဓဟူးနေ့)

၂။ (၂၆)ကြိမ်မြောက်၊(၂၇)ကြိမ်မြောက်နှင့်(၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်မှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများတက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) ဆေးဘက်ဆိုင်ရာနည်းပညာပါရဂူဘွဲ့(၂၀၂၂၊ ၂၀၂၃)ခုနှစ်များတွင် စာမေးပွဲအောင်မြင်ပြီးသူများ

(ခ) ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့(၂၀၂၁၊၂၀၂၂၊၂၀၂၄)ခုနှစ်များတွင် (ပုံမှန်)နှင့် (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) အသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာဘွဲ့(၂၀၂၀ ခုနှစ်)တွင် (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာဒီပလိုမာဘွဲ့(၂၀၂၀၊ ၂၀၂၂)ခုနှစ်များတွင် စာမေးပွဲအောင်မြင်ပြီးသူများ

(င) စတုတ္ထနှစ် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄)ခုနှစ်များတွင် (ပုံမှန်)နှင့် (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တက်ရောက်ဘွဲ့ ၁၅၀၀၀/-** (ကျပ်တစ်သောင်းငါးထောင်တိတိ)

(ခ) **အဝေးရောက်ဘွဲ့ ၁၀၀၀၀/-** (ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်၊ ကျောင်းသားရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် (အမျိုးသား-မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ)ဖြင့်လတ်တလောရိုက်ကူးထားသော (၁ $\frac{1}{2}$ " x ၂")အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲလျက်(၂၀-၂ -၂၀၂၅) မှ (၅ - ၃- ၂၀၂၅) ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ( အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ကျောင်းသားရေးရာဌာနစိတ်၊ ဖုန်းနံပါတ် ၀၁-၃၆၄၅၇၅၃ သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ အထက(လုံးခင်း) Grade-7(B) မှ မောင်အောင်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးတင့်ဇော် ၂/လကန(နိုင်) ၀၄၄၆၈၀ ဖြစ်ပါကြောင်း။

**ဦးတင့်ဇော်**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ဦးစိုးတင်၏သား မောင်သီဟစိုး ၁၀/မလမ(နိုင်)၁၂၉၄၆၀ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၅၆၈၈၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၆/ကန်အရှေ့ရပ်)၊ ဦးပိုင်အမှတ် (၃၆-က)၊ မြေကွက်အမှတ် (၄၀/၃၂၂)၊ ဧရိယာ (၀. ၁၃၉) ဧကရှိ ဦးညိုထွန်း (၁၃/တကန(နိုင်)၀၁၅၄၁၀)အမည်ပေါက် ဂရန်အမှုတွဲအမှတ် (၁၆၆/၂၀၀၃-၂၀၀၄)၊ နှစ်(၃၀)ဂရန်ရှိ မြေကွက်ကို အမွေဆက်ခံပိုင်ခွင့်ရှိသူ ဂရန်အမည်ပေါက် ဦးညိုထွန်း(ကွယ်လွန်)၏ သားသမီးများဖြစ်သည့် ဒေါ်ခင်မြတ်ထွန်းပါ(၅)ဦးတို့မှ (၁၀-၂-၂၀၂၅)ရက်တွင် Golden Harvest Co, Ltd သို့ ရောင်းချရန် သဘောတူညီခဲ့ကြပါသည်၊ ဝယ်ယူသူမှ ရောင်းချသူများသို့ ရောင်းကြေးငွေ၏ တစ်ဝက်ကို ပေးချေခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

| | |
|---|---|
